မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၄)၊ အမှတ်(၁၀၃)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အာရပ်စော်ဘွားများပြည်ထောင်စု၏ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်ထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကွယ်လွန်သွားသော အာရပ်စော်ဘွားများပြည်ထောင်စု၏ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ် ရှိတ် မာတွန် ဘင် ရာရှိတ် အယ်လ်–မာတွန်အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးမှ အာရပ်စော်ဘွားများ ပြည်ထောင်စု၏ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ် ရှိတ် မိုဟာမက် ဘင် ရာရှိတ် အယ်လ်–မာတွန်ထံသို့ပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ပြည်ထောင်စုခန်းမ၌ကျင်းပ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့် တပ်မတော်အခန်းကဏ္ဍအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖတ်ကြားတင်ပြ

ရန်ကုန် ဇန်နဝါရီ ၁၀

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေး လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်ပေး

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၉ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌-

"ယနေ့နိုင်ငံတော်အတွက် အရေးအကြီးဆုံး လိုအပ်ချက်သည် လူငယ်လူရွယ်များအပါအဝင် တိုင်းရင်းသား ပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ တိုးပွားခိုင်မာစေရန်ပင်ဖြစ်ကြောင်း၊ ပညာများမည်မျှပင် တစ်ဖက်ကမ်းခတ်တတ်မြောက် ပါစေ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်မရှိခဲ့လျှင် တိုင်းတစ်ပါးကိုမှီခိုပြီး မိမိတိုင်းပြည်နစ်မွန်းအောင်၊ ပြည်ထောင်စုပြိုကွဲအောင်၊ ပြည်သူများနစ်နာအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင် အဖျက်လုပ်ရပ်များကိုသာ လုပ်ဆောင်တတ်ကြသည့် သာဓကများလည်း ယနေ့မျက်မြင်ဒိဋ္ဌ တွေ့ကြုံနေရပြီဖြစ်ကြောင်း"

ပြောကြားသွားခဲ့သည်။

ဆရာ ဆရာမများသည် နိုင်ငံတော်အပေါ် အားထားယုံကြည်သည့်စိတ်ဓာတ်၊ နိုင်ငံ့ကောင်းကျိုးအတွက် မိမိတို့ တတ်စွမ်းသောကဏ္ဍက စွမ်းဆောင်ပေးလိုသည့် စိတ်ဓာတ်တို့ ပြည့်ဝခိုင်မာရန် အရေးကြီးပေသည်။ ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝခိုင်မာမှသာ အခြေအနေအချိန်အခါ အမျိုးမျိုးတွင် နိုင်ငံတော်အကျိုးအတွက် ရပ်တည်ချက်မှန်ကန်စွာဖြင့် စွမ်းဆောင်ပေးနိုင်ကြမည်ဖြစ်သည်။

ဆရာနှင့်တပည့်၊ စာသင်ကျောင်းနှင့် ရပ်ရွာတစ်သားတည်းရှိစေပြီး ရပ်ရွာဖွံ့ဖြိုးရေးတွင် ဦးဆောင်ပါဝင်ဆောင်ရွက်ကြရမည့်အပြင် ယနေ့ကာလ၏ အရေးအပါဆုံး အမျိုးသားရေးလိုအပ်ချက်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၏ အနှစ်သာရနှင့်အားမာန်၊ နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမှု၏ အမျိုးသားရေး အဓိပ္ပာယ်တို့ကို ပြည်သူများစစ်မှန်စွာ သိမြင်ခံယူလာစေရန် ဦးဆောင်စည်းရုံးပေးသွားကြရမည်ဖြစ်သည်။

ယနေ့ခေတ်ကာလတွင် အမျိုးသားပညာရည်မြင့်မားမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်တိုးတက်ရေး အတွက် အဓိကမောင်းနှင်အားဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ် ထွန်းကားပြန့်ပွားရေးသည်လည်း ပြည်ထောင်စုကြီးအရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိက အသက်သွေးကြောဖြစ်သည်ကို လေးလေးနက်နက်ခံယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက်ရှိရှိဖြင့် မိမိတို့၏ ပညာရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ကြိုးပမ်းထမ်းဆောင်သွားကြရန် လိုပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်စောင့်ရှောက် ရေးဟူသည့် အခြေခံအကြောင်းတရားများအပေါ်၌ အခိုင်အမာတည်ဆောက်ထားသည့် ဘက်စုံဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန်နှင့် နိုင်ငံတော်၏အနာဂတ် ရေရှည်တည်ငြိမ်ခိုင်ခံ့စေရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည်။

ထို့ကြောင့် ဆရာ ဆရာမများအားလုံးက ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့် သာယာဝပြောရေးကို ဦးတည်ပြီး တစ်မျိုးသားလုံး မျှော်မှန်းတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေး၊ မူဝါဒလမ်းစဉ် အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်သွားမည့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးရင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်း မြင့်မားလာစေရေး ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာကာသ၌ဒုတိယမြောက် ကြယ်တာရာအသစ် ပိုလန်သုတေသနပညာရှင်များ တွေ့ရှိခဲ့

ဝါဆော ဇန်နဝါရီ ၁၀

ပိုလန်နိုင်ငံ ဝါဆောတက္ကသိုလ်မှ သုတေသနပညာရှင် ဒေါက်တာဂရီဂေါ့ဇ်ပိုဂျေမင်စကီ တီထွင်တည်ဆောက်ထားသော နက္ခတ်တာရာ အဏုကြည့်မှန်ပြောင်း အက်စ်အက်စ်မှနေ၍ အာကာသတွင် ဒုတိယမြောက် ကြယ်တာရာ အသစ်တစ်ခုကို တွေ့ရှိခဲ့ရကြောင်း ဇန်နဝါရီ ၆ရက်က အပြည်ပြည်ဆိုင်ရာ နက္ခတ်တာရာသမဂ္ဂက သတင်းထုတ်ပြန်သည်။

ထုတ်ပြန်

အဆိုပါ အက်စ်အက်စ်အဏုကြည့် မှန်ပြောင်းမှနေ၍ ဇန်နဝါရီ ၁ရက်က ကြည့်ရှုရာ ကောင်းကင်ယံတွင် ကြယ်တာရာသစ်တစ်ခုကို ထင်ရှားစွာ တွေ့ရှိခဲ့ရသည်။ နေစကြာဝဠာတွင် တစ်စုံတစ်ရာ သိရှိရန် သုတေသန ပညာရှင်များက ရှာဖွေရာ၌ မကျွမ်းကျင်သော်လည်း အာကာသ၌ နက္ခတ်တာရာ အသစ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီ ဖြစ်သည်။ ယခုတွေ့ရှိခဲ့သော နက္ခတ်တာရာသစ်ကို အကြိမ်ကြိမ်အဖန်ဖန် စစ်ဆေးကြည့်ရှုခဲ့ကြပြီးနောက် ဇန်နဝါရီ ၄ရက်တွင် နက္ခတ်တာရာသစ်တစ်ခုကို တွေ့ရှိခဲ့ရသည်ဆိုသော ရလဒ်ကို သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ရောက်ရှိ

အသစ်တွေ့ရှိရသော နက္ခတ်တာရာအသစ်၏အမည်ကို စီ/၂၀၀၆ အေဝမ်း(ပိုမင်စကီ)ဟု သတ်မှတ်ပေး ထားကြောင်း သိရသည်။ ထိုနက္ခတ်တာရာ အသစ် စီ/၂၀၀၆ အေဝမ်းသည် ကမ္ဘာနှင့် နေတို့ကို တဖြည်းဖြည်း ကပ်လာလျက်ရှိရာ လာမည့် ဖေဖော်ဝါရီ ၂၂ရက်တွင် နေမှ အနီးကပ်ဆုံး အကွာအဝေးအထိ ရောက်ရှိလာမည်ဖြစ်သည်။ ယခုတွေ့ရှိခဲ့ရသော နက္ခတ်တာရာအသစ် စီ/၂၀၀၆ အေဝမ်းသည် ပိုဂျန်စကီ အစီအစဉ်မှ ဒုတိယမြောက် အသစ်တွေ့ရှိရသော နက္ခတ်တာရာတစ်ခုဖြစ်ပြီး ပထမဆုံးတွေ့ရှိခဲ့ရသော နက္ခတ်တာရာအသစ်မှာ ၂၀၀၄ခုနှစ် စက်တင်ဘာလက တွေ့ရှိခဲ့ရသော စီ/၂၀၀၄ အာတူး(အက်စ်အက်စ်) ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

၂၄နာရီအတွင်း ကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံး
အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ဇန်နဝါရီ ၉ရက်အထိ ၂၂၀၁ဦးရှိခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံ၌ လွန်ခဲ့သည့် ၂၄နာရီအတွင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီးနောက် အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ဇန်နဝါရီ ၉ရက်အထိ ၂၂၀၁ဦးရှိကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ ၁၀ရက်၌ ကြေညာသည်။ ဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် လမ်းဘေးဗုံးခွဲမှု နှစ်ရပ်ကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး စနေနေ့ ညပိုင်းက သေဆုံးကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်၌ ဖော်ပြပါရှိသည်။

ဖော်ပြ

တနင်္ဂနွေနေ့ စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၅၀ခန့်အကွာ ဖလူးဂျာမြို့တွင် လက်နက်ငယ်များဖြင့် ပစ်ခတ်မှု သီးခြားဖြစ်စဉ်တွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးကြောင်း အခြားသော ကြေညာချက်တစ်ခုတွင် အမေရိကန်စစ်ဘက်က ထည့်သွင်းဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေအား ယင်းဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူး နေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးညွှန့်အောင် စက်ရုံစုမှူး စက္ကူနှင့်ပျော့ဖတ်စက်ရုံ (သာပေါင်း) မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ခ)	ဦးအုန်းကျော် ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

အချပ်ပိုလေးမျက်နှာဖော်ပြပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ပူးတွဲဖော်ပြပါရှိပါသည်။

✡ **ရှေ့ဖုံးမှ**

‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ပါတီ၊ မြို(ခေါ်) ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလ တို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ပဲခူးတိုင်း၊မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည် နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ပဲခူးတိုင်း၊ မကွေးတိုင်း၊မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့်ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌လက်မှတ်ရေးထိုးကြသည်။

ယနေ့ ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အတွင်းရေးမှူးပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ညီလာခံကိုယ်စားလှယ်၁၀၇၉ဦးရှိပြီး ၁၀၆၄ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၆၁ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေးစတင်ကျင်းပကြောင်းကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းပြောကြားသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များဆိုင်ရာ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော် အခန်းကဏ္ဍအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။) **(သတင်းစဉ်)**

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်း အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူး အဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၀

ရွှေနိုင်ငံဂျာနယ်အတွဲ(၄)၊ အမှတ်(၁၇)ကို ထုတ်ဝေ ဖြန့်ချိထားသည်။

အဆိုပါဂျာနယ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည့်သတင်း၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဇင်ညွန့်(တရားရုံးချုပ် ရှေ့နေ)၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ ဖိုးလှမင်း၊ မောင်ကွန်ပျူတာ၊ ကြည်လင်း(ဆေး)၊ ဝေမှူးတင်(သုတေသန)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ ပါမောက္ခဦးအေးမြင့်(ပထဝီဝင်)တို့၏ မှတ်ဖွယ် မှတ်ရာ ဆောင်းပါးများ၊ သိပ္ပံစိုးမြင့်နိုင်၏ ကဗျာ၊ သန့်သီရိညွန့်၏ မြန်မာစာအုပ်အညွှန်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများစုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အမည်မဲ့(၂)ပန်းချီပြပွဲ
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှု မူပိုင်ခွင့်)
၇း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ (ပွဲစဉ်-၄) (မြန်မာ A၊ ထိုင်း)
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
၈း၅၅	မိုးလေဝသခန့်မှန်းချက်
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	မေးသမျှဖြေရအောင် (မင်းဟိန်း၊ ညွန့်ဝင်း)
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	သံဂဟေအတတ်ပညာ (အပိုင်း-၂)
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	Myanmar Video Rhythm
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅	ကျွန်းအထူးစိုက်ခင်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	ဘဝတွက်တာ ကျွမ်းကျင်စရာ
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၁-၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချို့အေး မင်္ဂလာတေး
၇း၅၀	၅။	အတီးပြိုင်ပွဲ
၈း၀၀	၆။	မြူးမြူးကြွကြွယဉ်ကျေးမှု အက
၈း၁၀	၇။	အရေးပြိုင်ပွဲ
၈း၂၀	၈။	ဂမုန်းရေလှောင်တမံ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တေးဂီတအစီအစဉ်
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၁၅	၆။	လက်ဆင့်ကမ်းအမွေ
၁၇း၂၀	၇။	သီချင်းကြီးပဒေသာ
၁၇း၃၀	၈။	မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၅	၁၂။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉း၁၅	၁၃။	တေးဂီတအစီအစဉ်
၁၉း၃၀	၁၄။	အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့် အနှစ်သာရ (အပိုင်း-၄)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ ရေး၊ အတီးပြိုင်ပွဲ (ရုပ်သေး) **“မင်းကုသဇာတ်တော်ကြီး (တတိယဆု) (မွန်ပြည်နယ်)**

International Fair 2006

organized by

Myanmar ASEAN Women's Friendship Association (MAWFA)

Ministry of Foreign Affairs
Pyay Road

14 th January 2006
Saturday 10 A.M.

ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးများ စစ်မှန်သည့်ဒီမိုကရေစီတည်ထောင်ရာ၌ ပြည်သူများခံစားခွင့်ရှိသောအခွင့်အရေးများဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၀

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့ နံနက်၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များဆိုင်ရာ အခန်း အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်း ပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

မိမိရှင်းလင်းတင်ပြမည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့်အခါ၌ အခန်းတစ်ခန်းအဖြစ်ပါရှိမည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များဆိုင်ရာ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့်အခါ“နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ”ကို တိတိကျကျနှင့် ရှင်းရှင်းလင်းလင်းဖော်ပြပါရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာဖတ်ရှုသည့်အခါ နိုင်ငံသားဖြစ်ရန်အတွက် မည်သည့်အချက်အလက်များလိုအပ်သည်၊ နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများသည် မည်သည်တို့ဖြစ်သည်၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် မည်သည့်တာဝန်များကို ထမ်းဆောင်ကြရန် လိုအပ်သည်ဆိုသည်များ ရှင်းလင်းလွယ်ကူစွာ တွေ့မြင်နိုင်မှာဖြစ်ပါကြောင်း။

နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသည့်အခါ နိုင်ငံအတော်များများ၌ “နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ”ကို သီးခြားအခန်းတစ်ခန်း သတ်မှတ်ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်“မူလအခွင့်အရေးများ”ဆိုသည့် ခေါင်းစဉ်ဖြင့် နိုင်ငံသား၊ နိုင်ငံသားများ၏အခွင့်အရေးများကို ပြဋ္ဌာန်းထားရှိပြီး ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာမူ “နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန် ဝတ္တရားများ” ဆိုသည့်ခေါင်းစဉ်ဖြင့် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း။

မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသည့်အခါ အဓိကအားဖြင့် နိုင်ငံသားဖြစ်ရန်အတွက် လိုအပ်သည့် အရည်အချင်းများ၊ ဥပဒေအရာတွင် တန်းတူညီမျှမှု၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသား ဖြန့်ဝေခွင့်၊ စည်းရုံးဟောပြောခွင့်၊ နိုင်ငံတော်အတွင်း အခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာလုံခြုံမှုရရှိခွင့်၊ အဓမ္မစေခိုင်းခြင်းမှ ကင်းလွတ်ခွင့်၊ မိမိယုံကြည်နှစ်သက်သည့် ဘာသာ သာသနာကို လွတ်လပ်စွာ ကိုးကွယ် ဆည်းကပ်ခွင့်၊ မိမိနှစ်သက်မြတ်နိုးသောစာပေ၊ ပညာနှင့် ယဉ်ကျေးမှုစသည်တို့ကို လွတ်လပ်စွာဖော်ထုတ်ဆောင်ရွက်ခွင့်၊ ဥပဒေပြုလွှတ်တော်များတွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ နိုင်ငံတော်က ခွင့်ပြုသော စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်၊ ပြစ်မှုများတွင် ဥပဒေသတ်မှတ်ချက်များနှင့်အညီသာ ချုပ်နှောင်စစ်ဆေးစီရင်ပိုင်ခွင့်၊ မိမိဆုံးရှုံးနစ်နာသည့် အခွင့်အရေးများအတွက် အကာအကွယ်ရယူပိုင်ခွင့်စသည်တို့ ပါဝင်သင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ ဖော်ပြပါ အခွင့်အရေးများကို ပြည်သူများအနေဖြင့် ရယူခံစားကြသည့်အခါ နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့အမြဲ ဦးထိပ်ပန်ဆင်ကြရမည့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို ထိပါးမှုမရှိစေရန် လိုအပ်ပါကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံတော်၌ သမိုင်းမတင်မီခေတ်ကတည်းကပင် တိုင်းရင်းသားအားလုံးသည် ဥမကွဲသိုက်မပျက် အတူတကွနေထိုင်ခဲ့ကြပါကြောင်း၊ ဤတိုင်းရင်းသားများသည် ရေကြည်ရာမြက်နုရာ၌ ပြောင်းရွှေ့နေထိုင်ကြရင်း တစ်နိုင်ငံလုံး နေရာဒေသတိုင်း၌ အတူတကွချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရောနှောလျက် အခြေချနေထိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယခုအချိန်မှာဆိုလျှင် ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေချောမောလွယ်ကူနေပြီဖြစ်သည့်အတွက် တိုင်းရင်းသားမျိုးနွယ်စုများသည် နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီး၌ ယခင်ကထက်ပိုမိုပြီး ရောနှောလျက် အခြေချနေထိုင်ကြသည်ကို တွေ့မြင်ကြရပါကြောင်း၊ ဤတိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများသည် သဘောသဘာဝအားဖြင့် တူညီသည့် ဝိသေသလက္ခဏာများ ရှိကြသကဲ့သို့ ကွဲပြားမှုများလည်း အထိုက်လျောက်ရှိကြပါကြောင်း၊ ထို့အပြင် ၎င်းတို့ချစ်ခင်မြတ်နိုးသည့်အနုပညာ များသာမက အချို့တိုင်းရင်းသားမျိုးနွယ်စုများ၌ စာပေများလည်းရှိကြပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူကျင့်သုံးပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများကို ရယူကျင့်သုံးကြသည့်အခါ ပြည်သူများအနေဖြင့် တိုင်းရင်းသားမျိုးနွယ်စုအချင်းချင်း စည်းလုံးညီညွတ်မှု မထိခိုက်၊ မပျက်ပြားစေရအောင်နှင့် တိုင်းရင်းသားမျိုးနွယ်စုတစ်စု၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အနုပညာ၊ စာပေစသည်တို့ကိုလည်း အခြားတိုင်းရင်းသားမျိုးနွယ်စုများက ထိပါးမှုမဖြစ်စေရအောင်ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း။

ထို့အပြင် မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းထားကာမျှဖြင့် အသက်ဝင်လာမည်ဟု မဆိုနိုင်ပါကြောင်း၊ ယင်းအခွင့်အရေးများကို ပြည်သူများက သိရှိနားလည်ကြပြီး မှန်မှန်ကန်ကန် ရယူသုံးစွဲကြခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေက မိမိတို့ကိုပေးထားသည့် မူလအခွင့်အရေးများကို ထိပါးလာခဲ့လျှင် တရားနည်းလမ်းများနှင့်အညီ အကာအကွယ်ရယူတတ်ခြင်းဖြင့် အသက်သွင်းပေးရမှာဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသည့် မူလအခွင့်အရေးများကို ထိပါးလာခဲ့လျှင် တရားနည်းလမ်းများနှင့်အညီ အကာအကွယ်ရယူခြင်း မပြုကြဘဲ တရားလက်လွတ် အကြမ်းဖက်နည်းလမ်းများကို ကျင့်သုံးကြမည်ဆိုလျှင် မူလအခွင့်အရေးများ ဆုံးပါးပျောက်ကွက်သွားမည်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့ ရယူပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများကို ရယူကျင့်သုံးကြသည့်အခါ တရားနည်းလမ်းကျနစွာဖြင့် ရယူကျင့်သုံးကြရန် လိုအပ်ကြောင်း တင်ပြအပ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းအတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ဖြစ်သည့် နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်ကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ထိုအချက်အတွက် အမျိုးသားညီလာခံက အောက်ပါအတိုင်းအခြေခံရမည့်မူ ချမှတ်ထားပါကြောင်း–

“တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်။”

အမျိုးသားညီလာခံက ချမှတ်ထားသည့် အထက်ဖော်ပြပါ အခြေခံရမည့်မူသည် နိုင်ငံသားဖြစ်မှု၊ နိုင်ငံသားပြုမှု၊ နိုင်ငံသားအဖြစ်မှ ရပ်စဲမှုတို့အတွက် ပြည့်စုံသည်ဟု သုံးသပ်ရရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အလားတူပြဋ္ဌာန်းချက် ပါရှိကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့်–

“၁။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်၊

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ။

၂။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်းဖြစ်စေရမည်”

ဆိုသည့် အခြေခံရမည့်မူကိုပင် ‘နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ’အခန်း၌ အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့် မသင့်ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ဆက်လက်ပြီး နိုင်ငံသားများ၏ မူလအခွင့်အရေးတွင်ပါရှိမည့် ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို တင်ပြမှာဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံရမည့်မူများအနက် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးများနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း အခြေခံရမည့်မူ ချမှတ်ထားပါကြောင်း။

“နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေး စသည်တို့ခံစားခွင့်ရှိရမည်”

ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေး စသည်တို့သည် လောကပါလတရားများဖြစ်ကြပါကြောင်း၊ တစ်နည်းအားဖြင့်ဆိုလျှင် ဤအင်္ဂါရပ်များသည် စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံထူထောင်ရာ၌ ပြည်သူများခံစားခွင့်ရှိသင့်သည့် ဒီမိုကရေစီအခွင့်အရေးများပင်ဖြစ်ပါကြောင်း၊ ဤအင်္ဂါရပ်များအနက် ဥပဒေအရာတွင် ညီမျှမှုအခွင့်အရေးရှိစေရမည်။ (Equality before the Law)ဆိုသည့်အင်္ဂါရပ်ကို မိမိတို့အားလုံးက အလေးအနက်ခံယူထားကြပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်းရှိ လူသူခပ်သိမ်းသည် ဥပဒေအရာတွင် တန်းတူညီမျှမှုအခွင့်အရေးနှင့် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူရယူပိုင်ခွင့် ရှိကြရမှာဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမဆို လူမျိုး၊ ဇာတိအရ ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအရဖြစ်စေ၊ ရာထူးအဆင့်အတန်း၊ ယဉ်ကျေးမှုအရ ဖြစ်စေ၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာအရဖြစ်စေ၊ အတန်းအစား ခွဲခြားမှုမပြုသင့်ဘဲ လုပ်ငန်းဆောင်တာများဆောင်ရွက်သည့်အခါ တူညီသည့် အခွင့်အလမ်းများ လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိစေသင့်ပါကြောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊မိခင်များ၊ ကလေးသူငယ်များနှင့်စပ်လျဉ်း၍လည်း ဥပဒေ အရ သတ်မှတ်ပေးထားသည့်အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေသင့်ပါကြောင်း၊ အလုပ်တာဝန်များကို နိုင်ငံတော်ကရွေးချယ်ခန့်ထားသည့်အခါတွင်လည်း လူမျိုး၊ကိုးကွယ်ရာဘာသာ၊ အမျိုးသမီး၊ အမျိုးသား စသည်တို့ကို အကြောင်းပြုပြီး ရာထူးရွေးချယ်ခန့်ထားမှုကို ခွဲခြားခြင်းမပြုသင့်ပါကြောင်း၊ သို့ရာတွင် အချို့သောရာထူးတာဝန်များသည် အမျိုးသားများနှင့်သာ လျော်ကန် သင့်မြတ်သည့်ရာထူးတာဝန်များဖြစ်ခဲ့လျှင် နိုင်ငံတော်အကျိုးအတွက် အမျိုးသား များကိုပင် ရွေးချယ်ခန့်ထားခွင့်ရှိစေသင့်ပါကြောင်း။

ထို့ကြောင့် နိုင်ငံသားတိုင်း တန်းတူညီမျှမှု အခွင့်အရေးရှိစေရေးနှင့် စပ်လျဉ်းပြီး–

“၁။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

၂။ နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။

၃။ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသောအခွင့်အလမ်းရရှိစေရမည်–

(က) ပြည်သူ့ဝန်ထမ်းတာဝန် ထမ်းဆောင်မှု၊

(ခ) အလုပ်လုပ်ကိုင်မှု၊

(ဂ) ကုန်သွယ်ရောင်းဝယ် ဖောက်ကားမှု၊

(ဃ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှု၊

(င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊

(စ) သိပ္ပံနှင့်နည်းပညာများ ရှာဖွေဖော်ထုတ်မှု၊

၄။ အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်။

၅။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသောအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်။

၆။ နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သောအရည်အချင်းနှင့် ပြည့်စုံပါက မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကိုအကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။

သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတော်၌ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး စစ်မှန်သည့်ပါတီစုံဒီမိုကရေစီ စနစ်ကို ဖော်ဆောင်ကျင့်သုံးမှာဖြစ်ပါကြောင်း၊ ဤကဲ့သို့ ဖော်ဆောင်ကျင့်သုံးသည့်အခါ ဒီမိုကရေစီ ကျင့်စဉ်များအနက် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့များဖွဲ့စည်းခွင့်၊ နိုင်ငံတော်အတွင်း အခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာလုံခြုံမှုရရှိခွင့် စသည်တို့ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပါရှိသည့် မူလအခွင့်အရေးများနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လေ့လာသည့်အခါ သက်ဆိုင်ရာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်အခြေအနေများအပြင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးစသည့် အခြေအနေအရပ်ရပ်များကိုပါ စဉ်းစားကြပြီး မိမိတို့နိုင်ငံနှင့် လျော်ကန်သင့်မြတ်မည့် အချက်များကို ပြဋ္ဌာန်းထားရှိသည်ကို တွေ့ရှိရပါကြောင်း၊ အလားတူပင် မိမိတို့နိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း မူလအခွင့်အရေးများနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် ယင်းအချိန်၊ ယင်းအခြေအနေများနှင့် လျော်ကန်သင့်မြတ်သည်များကို ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်းတွေ့ရှိရပါကြောင်း၊ ထို့အပြင် ကမ္ဘာ့နိုင်ငံအချို့၌ ဒီမိုကရေစီကျင့်စဉ်အတွက် လိုအပ်သည့် အခြေခံကောင်းများမရှိသေးဘဲ ဒီမိုကရေစီစနစ်ကို အဆောတလျင် ကူးပြောင်းမိသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဒုက္ခမျိုးစုံကြုံတွေ့နေရသည့် အတွေ့အကြုံများကို မိမိတို့အနေဖြင့် မျက်ခြည်မပြတ်သင့်ဟု သုံးသပ်ရရှိပါကြောင်း။

ထို့ကြောင့် လွတ်လပ်မှုအခွင့်အရေးနှင့် စပ်လျဉ်းပြီး–

၁။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ။

၂။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်–

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ၊ မိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

၃။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။

၄။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြား ဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့်ရှိ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့်၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် လူကိုအမြတ်တနိုး တန်ဖိုးထားကြပါကြောင်း၊ ကမ္ဘာ့သမိုင်းမှာရှိခဲ့ဖူးသည့် လူကို ကျေးကျွန်ပြုခြင်း၊ လူကို ရောင်းကုန်သဖွယ် အရောင်းအဝယ်ပြုခြင်းများကို ခွင့်မပြုပါကြောင်း၊ နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခံရ၍ အလုပ်ဒဏ်ထမ်းဆောင်ပေးရခြင်းနှင့် နိုင်ငံတော်နှင့် အများပြည်သူများ၏ အကျိုးအတွက် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချခြင်းတို့ကလွဲပြီး လူကို အဓမ္မစေခိုင်းခြင်းများမပြုကြကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်လည်း ဤကဲ့သို့ကိစ္စမျိုးကို တားမြစ်သည့်ပြဋ္ဌာန်းချက်များ ပါရှိပါကြောင်း။

ထို့ကြောင့် ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်းတို့နှင့်စပ်လျဉ်းပြီး–

"၁။ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူအရောင်းအဝယ်ပြုမှုများကို တားမြစ်သည်။

၂။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှ တစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်အတွင်း နေထိုင်ကြသည့် ပြည်သူများ အများစုက ကိုးကွယ်သည့် ဘာသာသာသနာဖြစ်ပါကြောင်း၊ ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုယုံကြည်ကိုးကွယ်ကြသည့်သူများလည်း ရှိကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွင်း အများပြည်သူများအနေဖြင့် မိမိတို့ ယုံကြည်နှစ်သက်ကြသည့် ဘာသာသာသနာကို လွတ်လပ်စွာကိုးကွယ်ခွင့် ရှိစေသင့်ပါကြောင်း၊ ဤကဲ့သို့ မိမိတို့ယုံကြည်နှစ်သက်ကြသည့် ဘာသာသာသနာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုသည့်အခါတွင် နိုင်ငံတော်အကျိုးနှင့် အများပြည်သူ အကျိုးများ၏ အကျိုးကိုရှေးရှုပြီး ဘာသာ သာသနာကိုးကွယ်မှုကို နိုင်ငံရေး၊ လူမှုရေး၊ အခြားလောကီရေးရာများနှင့် ရောထွေးမှုမရှိစေရေးအတွက်လည်း ကောင်း၊ နိုင်ငံရေးကိစ္စအတွက် ဘာသာ သာသနာကို အလွဲသုံးစားပြုမှုများ ပေါ်ပေါက်ခြင်းမရှိစေရေးအတွက်လည်းကောင်း၊ လူမျိုးရေးကြောင့်ဖြစ်စေ၊ ဘာသာ သာသနာရေးကြောင့်ဖြစ်စေ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း မုန်းတီးမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ စိတ်ဝမ်းကွဲမှုများ မပေါ်ပေါက်ရေး အတွက်လည်းကောင်း လိုအပ်သည့်တားမြစ်ချက်များ ပါရှိစေသင့်ကြောင်း။

အမျိုးသားညီလာခံက နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမည့်မူများကိုချမှတ်ရာတွင် ဘာသာ သာသနာဆိုင်ရာ ကိုးကွယ်မှုနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း အခြေခံရမည့်မူများ ချမှတ်ထားပါကြောင်း–

"၁။ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ သာသနာရေးတွင် လွတ်လပ်စွာ ယုံကြည်နိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

၂။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးဆောင်ရွက်မှုတို့ကို အထက်ပါ အခွင့်အရေးတွင် မပါဝင်စေရ။

၃။ ထိုသို့လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း ပြည်သူ့အကျိုးကိစ္စ၊ ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၄။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၅။ နိုင်ငံတော်သည် အစ္စလာမ်ဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာ သာသနာများဟူ၍ အသိအမှတ်ပြုသည်။

၆။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၇။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့် သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း၊ မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်။"

ဘာသာ သာသနာဆိုင်ရာ လွတ်လပ်မှုအခွင့်အရေးများသည် နိုင်ငံသားများအတွက်သာမကဘဲ နိုင်ငံသားမဟုတ်သူများနှင့်လည်း အကျုံးဝင်စေသင့်ပါကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်လည်း ဘာသာ သာသနာဆိုင်ရာ အခွင့်အရေးများကို နိုင်ငံသားများအပါအဝင် လူသူခပ်သိမ်း အကျုံးဝင်အောင် ပြဋ္ဌာန်းထားပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များဆိုင်ရာအခန်း အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ဘာသာ သာသနာဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံရမည့်မူများကို မှီငြမ်းပြုပြီး–

"၁။ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် မည်သူမဆို ဘာသာ သာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

၂။ ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးရာ ဆောင်ရွက်မှုတို့ကို အထက်ပါ ဘာသာ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ။

၃။ ထိုသို့ ဘာသာ သာသနာရေးနှင့်စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူ အကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၄။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၅။ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်။

၆။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၇။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ၊ ထို့အပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့် သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်"

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်ရှိပါကြောင်း၊ ယင်းတိုင်းရင်းသားမျိုးနွယ်စုများတွင် တစ်စုနှင့်တစ်စု သဘာဝအားဖြင့်တူညီကြသည့် ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနှင့် အနုပညာများရှိကြသကဲ့သို့ မတူညီကြသည့် ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနှင့် အနုပညာများလည်းရှိကြပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားအများစုအနေဖြင့် မြန်မာစကားနှင့် စာပေကို ပြောဆိုအသုံးပြုကြသော်လည်း အချို့သော တိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် မိမိဘာသာစကားနှင့် စာပေများလည်း ရှိကြပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားမျိုးနွယ်စုတိုင်းသည် မိမိမြတ်နိုးသည့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများကို လွတ်လပ်စွာဖော်ထုတ်ခွင့် ရှိသင့်ပါကြောင်း။

ပညာရေးနှင့်စပ်လျဉ်းပြီး နိုင်ငံသားများကို ပညာရေးဆိုင်ရာ မူဝါဒများနှင့် အညီ ပညာသင်ကြားပိုင်ခွင့်များ ပေးသင့်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်သည့်အခါ နိုင်ငံတော်အတွင်းရှိ နိုင်ငံသားများ ပညာတတ်မြောက်မှုသည် အဓိကအခန်းကဏ္ဍ၌ ပါဝင်ပါကြောင်း၊ ကိုလိုနီခေတ်ကာလတုန်းက မိမိတို့နိုင်ငံ၌ စာပေသင်ကြားခွင့်မရရှိခဲ့ကြသည့် တောင်သူလယ်သမားကြီးအချို့အနေဖြင့် မသမာသူများ၏ လှည့်စားမှုများကြောင့် ၎င်းတို့ပိုင်ဆိုင်ကြသည့် လယ်ယာမြေများ မတရား ဆုံးရှုံးနစ်နာခဲ့ကြခြင်းသည် သမိုင်းကပေးသည့် သင်ခန်းစာဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကို နိုင်ငံသားတိုင်း မသင်မနေရဟု ဥပဒေပြဋ္ဌာန်းထားရှိရန် အထူးလိုအပ်သလို သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အတွက် တီထွင်ကြံဆ ဖော်ထုတ်ရေးသားခွင့်ရှိရန်နှင့် ယဉ်ကျေးမှုကိစ္စများ တွင်လည်း လွတ်လပ်စွာ ဖော်ထုတ်ဆောင်ရွက်ခွင့်များ ရှိစေသင့်ပါကြောင်း၊ သို့ရာတွင် ဤဆောင်ရွက်ခွင့်ကို ကျင့်သုံးသည့်အခါမှာမူ တိုင်းရင်းသား မျိုးနွယ်စုတစ်စုသည် အခြားတိုင်းရင်းသားမျိုးနွယ်စု တစ်စုစု၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ စသည်တို့ကို ထိပါးခြင်းမရှိအောင် ရှောင်ကြဉ်ရန် လိုအပ်မှာဖြစ်ပါကြောင်း၊ ပညာရေးတွင်လည်း နိုင်ငံတော်အနေဖြင့် ပညာရည် ထူးထူးချွန်ချွန်ရှိသည့် နိုင်ငံသားများကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသမီး၊ အမျိုးသား ခွဲခြားခြင်းမပြုဘဲ ချီးမြှောက်ထောက်ပံ့ပေးရမှာဖြစ်ပါကြောင်း။

ထို့ကြောင့် ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး–

၁။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများသည် အချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၂။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ–

(က) ပညာသင်ကြားပိုင်ခွင့် ရှိသည်၊

(ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်၊

(ဂ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာ ခေတ်မီတိုးတက်အောင် တီတွင်ကြံဆဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်။

၄။ နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမထားဘဲ မိမိတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏ စိစစ်တွေ့ရှိချက်ကို ရှင်းလင်းတင်ပြမှာဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၌ ယခုအခါ လူဦးရေသန်းပေါင်း ၅၀ ကျော်ရှိနေပြီဖြစ်ပြီး ဤလူဦးရေသည် တစ်နေ့ထက်တစ်နေ့ တိုးပွားလျက်ရှိနေကြောင်း၊ နိုင်ငံတော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးသည့်အခါ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံး ဆောင်ရွက်မှာဖြစ်ပါကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်နိုင်ရန် ယခုအခါတွင် လိုအပ်သည့် အခြေခံအုတ်မြစ်များလည်း ချမှတ်ဆောင်ရွက်နေပြီးဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ၌ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူများထံမှ တည်ပါကြောင်း၊ သို့ရာတွင် ဤအချုပ်အခြာအာဏာနှင့်စပ်လျဉ်းသည့်ကိစ္စ အဝဝကို လက်တွေ့အားဖြင့် ပြည်သူအားလုံးအနေဖြင့် တစ်နေရာထဲတွင် စုဝေးဆွေးနွေးဆုံးဖြတ်ဆောင်ရွက်နိုင်ကြမှာမဟုတ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့်သော လွှတ်တော်များ ဖွဲ့စည်းဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ ယင်းလွှတ်တော်များ၌ သက်တမ်းကာလအပိုင်းအခြားသတ်မှတ်ပြီး ပြည်သူများ၏ကိုယ်စား ဆောင်ရွက်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူများက ဆန္ဒမဲပေးကြပြီး ရွေးကောက်တင်မြှောက်ကြရမှာဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိကြရမှာဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်ကျေပွန်မှုမရှိခဲ့လျှင်လည်း ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်လည်း ပေးရမှာဖြစ်ပါကြောင်း။

ထို့ကြောင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး–

၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၂။ လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတော်၌ ကျင့်သုံးမည့် စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ကြောင်း၊ နိုင်ငံတော်အခြေခံမူအဖြစ်သတ်မှတ်ရန် အခြေခံရမည့်မူ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်သည်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါကြောင်း၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံသားများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရန်လိုအပ်သလို နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း စသည်များကိုရရှိအောင် နိုင်ငံတော်က နေကူညီပေးရန်လိုအပ်ပါကြောင်း၊ ထို့အပြင် ဥပဒေနှင့် မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများဆောင်ရွက်သည့်အခါ ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က စာမျက်နှာ ၆ ကော်လံ ၁

နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေးကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ဖွဲ့စည်းပုံအခြေခံဥပဒေအရပေးအပ်ထားသည့် မူလအခွင့်အရေးများကို ထိပါးကျူးကျော်ခြင်း၊ တစ်နည်းတစ်ဖုံ ပျက်ပြားအောင်ပြုခြင်းများသည် သာမန်အားဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်ရာ ကျရောက်တတ်သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူခွင့်ရှိပါကြောင်း၊ သို့ရာတွင် ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူရုံမျှဖြင့် ဖူလုံမှုမရှိသည့် မူလအခွင့်အရေး တစ်ရပ်ရပ်ကို ထိပါးမှုရှိလာသည့် အခါများတွင် ထိပါးခံရသူအနေဖြင့် မိမိ၏ နစ်နာဆုံးရှုံးမှုများကို မြန်မြန်နှင့် ထိထိရောက်ရောက် အကာအကွယ် ရယူနိုင်သည်နှင့် ဤနစ်နာချက်များကို ကုစားပေးရန် အာဏာပိုင်တစ်ရပ်ရှိရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးကြသည့် နိုင်ငံအများအပြားတွင် ယခုကဲ့သို့သော ကိစ္စမျိုးအတွက် ဆောင်ရွက်ပေးရမည့် အခွင့်အာဏာပိုင်အဖြစ် တရားရေးရာတွင် အချက်အချာမဏ္ဍိုင်ဖြစ်သည့် တရားလွှတ်တော်ချုပ်(Supreme Court)ကို စာချွန်တော်အမိန့်များ ထုတ်ဆင့်ပိုင်ခွင့်အာဏာအပ်နှင်းထားလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းအတွက် ချမှတ် သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

မိမိတို့နိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်လည်း စာချွန်တော် အမိန့်များ ထုတ်ဆင့်ပိုင်ခွင့်အာဏာကို တရားလွှတ်တော်ချုပ်တွင် အပ်နှင်းထားပါကြောင်း၊ တရားလွှတ်တော်ချုပ်သည် မူလအခွင့်အရေးတစ်ရပ်ရပ်ကို ထိပါးကျူးကျော်ထားကြောင်း စိစစ်တွေ့ရှိခဲ့လျှင် စာချွန်တော်အမိန့်ထုတ်ဆင့်ပြီး သက်ဆိုင်ရာတို့၏ မှားယွင်းချက်များကို ပယ်ဖျက်ပေးခြင်း၊ ပြင်ဆင်ခြင်းများ ပြုပေးပါကြောင်း၊ အမျိုးသားညီလာခံက နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမည့်မူများ ချမှတ်ထားရာတွင်လည်း တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအနက် အောက်ပါအခြေခံရမည့်မူချမှတ်ထားပါကြောင်း-

"ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော် တစ်ရပ် ထားရှိသည်၊ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များထုတ်ပိုင်ခွင့်အာဏာများရှိသည်"

တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကချမှတ်ပေးရာတွင် နိုင်ငံတော်၏အမြင့်ဆုံး တရားရုံးအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဖွဲ့စည်းကြောင်း အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားပါကြောင်း။

ထို့ကြောင့် စာချွန်တော်အမိန့်များထုတ်ဆင့်ပိုင်ခွင့်အာဏာကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အပ်နှင်းသင့်ပါကြောင်း၊ ယင်းကဲ့သို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့် အာဏာအပ်နှင်းရာတွင် အခြားတရားရုံးများအား တည်ဆဲတရားဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသည့်စာချွန်တော်အမိန့်သဘောမျိုး သက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကိုမူ မထိခိုက်စေသင့်ဟု သုံးသပ်ရရှိပါကြောင်း၊ ထို့အပြင် စစ်မက်ဖြစ်ပွားနေချိန်၊ တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်မှာသော်လည်းကောင်း၊ ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်မှာသော်လည်းကောင်း အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန်တောင်းခံခွင့်ကို ရပ်ဆိုင်းထားရန်မသင့်ဟုလည်း သုံးသပ်ရရှိပါကြောင်း၊ မိမိတို့နိုင်ငံသားများအနေဖြင့်လုပ်ငန်းဆောင်တာများဆောင်ရွက်သည့်အခါ လိုအပ်လျှင် နိုင်ငံခြား တိုင်းတစ်ပါးနှင့် ဆက်ဆံရခြင်းမျိုးရှိနိုင်ပါကြောင်း၊ ယင်းကဲ့သို့ နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသည့် နိုင်ငံသားများကို ပြည်တွင်းမှာဖြစ်စေ၊ ပြည်ပမှာဖြစ်စေ နိုင်ငံတော်၏ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိစေသင့်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်နေကြရသည့် တပ်ဖွဲ့ဝင်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြရသည့်တပ်ဖွဲ့ဝင်များ ရှိကြပါကြောင်း၊ ယင်းတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ တာဝန်ဝတ္တရားများကိုကျေပွန်စွာဖြင့် စည်းကမ်းကျနစွာထမ်းဆောင်နိုင်ရန်အတွက် ဤအခန်း၌ပေးထားသည့် အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန်လိုအပ်သည့်အခွင့်အရေးများရှိခဲ့လျှင်လည်း ဥပဒေပြဋ္ဌာန်းပြီးမှ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းများပြုသင့်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အလားတူကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်များပါရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင် ရယူနိုင်သည့်အခွင့်အရေးများနှင့်စပ်လျဉ်းပြီး-

"၁။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့်ရှိရမည်။

၂။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့်စပ်လျဉ်း၍ လျှောက်ထားလာသည့်ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါစာချွန်တော်အမိန့်တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာရှိရမည်-

(က) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊

(ခ) အာဏာပေး စာချွန်တော်အမိန့်၊

(ဂ) တားမြစ်စေ စာချွန်တော်အမိန့်၊

(ဃ) အာဏာပိုင်မေး စာချွန်တော်အမိန့်၊

(င) အမှုခေါ် စာချွန်တော်အမိန့်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့အပ်နှင်းသည့် စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့်အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့်သဘောမျိုးသက်ရောက်သည့်အမိန့် ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။

၃။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ချိန်တွင် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး အပိုဒ် ၂ ပါ အခွင့်အရေးများ တောင်းခံခွင့်ကို ရပ်ဆိုင်းမထားရ။

(က) စစ်မက်ဖြစ်ပွားချိန်၊

(ခ) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊

(ဂ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်။

၄။ နိုင်ငံခြားတိုင်းတစ်ပါးနှင့်ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၅။ အောက်တွင် ဖော်ပြထားသော အခြေအနေနှင့် အချိန်အခါမှအပ နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့်သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရ-

(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊

(ခ) ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေချိန်၊

(ဂ) အရေးပေါ်အခြေအနေဖြစ်ပေါ်နေချိန်။

၆။ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများ ရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန်လိုအပ်သော အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းပြုရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့် မသင့်ဆွေးနွေး အကြံပြုကြရန်ဖြစ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

စာမျက်နှာ ၅ မှ

အာမခံသင့်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး-

"၁။ နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး အတွက် နိုင်ငံသားများသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။

၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကိုဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ပြည်သူခပ်သိမ်းတို့အား ဥပဒေအရာတွင် တန်းတူညီမျှရှိစေရန် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရယူခွင့်ရှိစေရန်အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရန် တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး မည်သူ့အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေသင့်ကြောင်းလည်း တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ဤအခွင့်အရေးများရရှိခံစားစေရာတွင် ပြစ်မှုဆိုင်ရာအခွင့်အရေးများနှင့် စပ်လျဉ်းပြီး ပေးသင့်ပေးထိုက်သည့် အခွင့်အရေးများလည်း ပါရှိစေသင့်ပါကြောင်း၊ တစ်စုံတစ်ယောက်သည် ရာဇဝတ်ပြစ်မှုတစ်ခုခုကို ကျူးလွန်မိခဲ့လျှင် ထိုသူပြစ်မှုကျူးလွန်ချိန်က တည်ဆဲဖြစ်သည့်သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်စေသင့်ပါကြောင်း၊ ယင်းသို့ပြစ်မှုထင်ရှားစီရင်သည့်အခါ ချမှတ်သည့်ပြစ်ဒဏ်သည်လည်း သူကျူးလွန်ခဲ့သည့် ပြစ်မှုနှင့်သက်ဆိုင်သည့် ဥပဒေအရ ချမှတ်သင့်သည့်ပြစ်ဒဏ်ထက် ကြီးလေးသောပြစ်ဒဏ်ကိုချမှတ်ခြင်းမပြုသင့်ကြောင်း၊ ထို့အပြင် စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်ရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခံရလျှင်ဖြစ်စေ၊ အပြီးအပြတ်လွှတ်ခြင်းခံရလျှင်ဖြစ်စေ ယင်းကဲ့သို့ စီရင်ချက်နှင့်စပ်လျဉ်းပြီး အဆင့်မြင့်သည့်တရားရုံးက ပယ်ဖျက်၍ အမှုကိုအသစ်တဖန် ပြန်လည်စစ်ဆေးပေးရန်အမိန့်ချမှတ်သည့် ကိစ္စကလွဲပြီး ဤပြစ်မှုအတွက် ထပ်မံစစ်ဆေးမှုမပြုသင့်ပါကြောင်း၊ ထို့အပြင် ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသူတစ်ဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေသင့်ပါကြောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးများသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အဓိကလိုအပ်သည့်ကိစ္စရပ်များဖြစ်ပါကြောင်း၊ ဤကဲ့သို့ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ကြိုတင်ကာကွယ်ရန်လိုအပ်သည့်ကိစ္စရပ်များကလွဲပြီး မည်သူကိုမျှ တရားဝင်ချုပ်မိန့်မရရှိဘဲ ၂၄ နာရီထက်ပိုပြီး ချုပ်နှောင်ခြင်းမျိုးလည်း မပြုစေသင့်ဟု သုံးသပ်ရရှိပါကြောင်း။

နိုင်ငံတော်အခြေခံမူများသတ်မှတ်ရေးအတွက် အခြေခံရမည့်မူများချမှတ်စဉ်က "တရားရုံး၏ခွင့်ပြုချက်မရရှိဘဲ နိုင်ငံသားတစ်ဦးကို ၂၄ နာရီထက်ကျော်လွန်ပြီး ချုပ်နှောင်ခွင့်မရှိစေရ"ဟု အခြေခံရမည့်မူ ချမှတ်ထားပါကြောင်း၊ ယခုကဲ့သို့ တရားရုံး၏ခွင့်ပြုမိန့်မရဘဲ ၂၄နာရီထက် ပိုမိုချုပ်နှောင်ခြင်းမျိုးကို နိုင်ငံသားများနှင့်သာမက နိုင်ငံသားမဟုတ်သူများနှင့်ပါ အကျုံးဝင်စေသင့်ပါကြောင်း။

ထို့ကြောင့် ပြစ်မှုဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး-

"၁။ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ။

၂။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသောတရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက် သို့မဟုတ် အမှုမှ အပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးကပယ်ဖျက်ပြီး အမှုကိုအသစ် တဖန် ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်သည့်အခါမှအပ ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

၃။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေရမည်။

၄။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန်လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါးမည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

မြဝတီရုပ်မြင်သံကြား

၁၁-၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ခန်းရပ်ချစ်ပုံပြင်"** (အပိုင်း-၂၃)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၂)

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မူလအခွင့်အရေးများကို ရယူခံစားခွင့်ပေးထား အခွင့်အရေးနှင့်ဒွန်တွဲနေသည့်တာဝန်ကို နိုင်ငံသားတိုင်း ကျေပွန်စွာထမ်းဆောင်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မူလအခွင့်အရေးများကို ရယူခံစားခွင့်ပေးထားသကဲ့သို့ အခွင့်အရေးနှင့် ဒွန်တွဲနေသည့် တာဝန်ကိုလည်း နိုင်ငံသားတိုင်းက ကျေပွန်အောင် ထမ်းဆောင်ကြရန် အထူးလိုအပ်ပါကြောင်း၊ နိုင်ငံသားများ ထမ်းဆောင်ကြရမည့် တာဝန်များအနက် အဓိကတာဝန်သည် နိုင်ငံတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းကြရန် ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ရှောက်ကြရန် တိုင်းရင်းသားမျိုးနွယ်များအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြရန်၊ ပြည်သူတစ်ရပ်လုံးအေးချမ်းသာယာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ပေါ်ထွန်းလာရန်၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားကြပြီး လိုအပ်သည့်အခါ နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းကြရန် တာဝန်များလည်း ရှိကြပါကြောင်း။

ထို့အပြင် နိုင်ငံသားများအနေဖြင့် ဥပဒေအရသတ်မှတ်ထားသည့် အခွန်အကောက်များ ပေးဆောင်ရမည့် တာဝန်များကို ကျေပွန်ကြရမှာဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံသားများ၏ တာဝန်များနှင့် စပ်လျဉ်းပြီး–

"၁။ နိုင်ငံသားတိုင်းသည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်

(ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

၂။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၄။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။

၇။ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ "မူလအခွင့်အရေး"များနှင့် စပ်လျဉ်းသည့် အခန်းအတွက် ပြဋ္ဌာန်းချက်များတွင် "နိုင်ငံတော်"ဆိုသည့် စကားရပ်ကို ဖော်ပြသုံးနှုန်းထားကြပြီး ယင်းစကားရပ်၏ ဆိုလိုရင်းအဓိပ္ပာယ်ကိုလည်း ယင်းအခန်းမှာပင် တစ်ပါတည်း ရှင်းလင်းဖွင့်ဆိုထားသည်ကို တွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၂)"မူလအခွင့်အရေး"ဆိုင်ရာ ပြဋ္ဌာန်းချက်တွင်လည်း "နိုင်ငံတော်"ဆိုသည့် စကားရပ်၏ အဓိပ္ပာယ်ကို ရှင်းလင်းထားပါကြောင်း၊ ယခု အမျိုးသားညီလာခံက "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ"အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါမှာလည်း"နိုင်ငံတော်"ဆိုသည့်စကားရပ်သည် မည်သည့်အဖွဲ့အစည်း အာဏာပိုင်တို့ ပါဝင်ကြောင်း တိကျရှင်းလင်းမှုရှိအောင် ဤစကားရပ်၏ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက်ကိုပါ တစ်ပါတည်း အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်ထားသင့်ပါကြောင်း။

ထို့ကြောင့် "နိုင်ငံတော်"ဆိုသည့် စကားရပ်နှင့် စပ်လျဉ်းပြီး–

"ဤအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ယခု မိမိရှင်းလင်းတင်ပြခဲ့သည့် လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ"အခန်းနှင့် စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါကြောင်း–

"၁။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့် **နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ။**

၂။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ **ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်။**

၃။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့် ပေးရမည်။

၄။ နိုင်ငံတော်သည် မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။

၅။ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ဆောင် **ရာတွင် တူညီသော အခွင့်အလမ်း ရရှိစေရမည်။**

(က) ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု၊

(ခ) အလုပ်လုပ်ကိုင်မှု၊

(ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊

(ဃ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊

(င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊

(စ) သိပ္ပံနှင့်နည်းပညာများ ရှာဖွေဖော်ထုတ်မှု။

၆။ အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေး လစာတို့ကို ခံစားခွင့်ရှိသည်။

၇။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိစေရမည်။

၈။ နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက နိုင်ငံတော်၏ မည်သည့်နိုင်ငံ**သားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာ သာသနာ၊** အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ် ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။

သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မဖြစ်စေရ။

၉။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ။

၁၀။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ **ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်** မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ **သုံးစွဲဆောင်ရွက်ခွင့်ရှိသည်–**

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသား လူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသား လူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက်**နစ်နာမှုမရှိစေဘဲ၊ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာ သာသနာ** နှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

၁၁။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌ **မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့် ရှိသည်။**

၁၂။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

၁၃။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်း**လုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှု** များအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။

၁၄။ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူအရောင်းအဝယ်ပြုမှုများကို တားမြစ်သည်။

၁၅။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် **အလုပ်ဒဏ် ထမ်းဆောင်စေခြင်းနှင့် အများပြည်သူအကျိုး** အတွက် ဆောင်ရွက်ရန် နိုင်ငံတော်ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။

၁၆။ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်**လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်း**ချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် မည်သူမဆို ဘာသာ သာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

၁၇။ ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်တည်ဆောက်မှုနှင့် ဆက်စပ်နေစေကာမူ ထိုသို့ဆက်စပ်နေသော စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှင့် အခြားလောကီရေးရာ ဆောင်ရွက်မှုတို့ကို အထက်ပါ ဘာသာ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ။

၁၈။ ထိုသို့ ဘာသာ သာသနာရေးနှင့်စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူများ အကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၁၉။ ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသား**အများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့်** ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၂၀။ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော **ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သော** နေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများ ဟူ၍ အသိအမှတ်ပြုသည်။

၂၁။ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို နိုင်ငံတော်က တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၂၂။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရ၊ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန်ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် **အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်** ဆန့်ကျင်သည်၊ ထိုအပြုအမူမျိုးအတွက် အပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်။

၂၃။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို **လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့် ရှိသည်။** ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများသည် **အချင်းချင်းညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့် ရှိသည်။**

၂၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့် အညီ–

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊

(ခ) ဥပဒေပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်။

(ဂ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့်အနုပညာခေတ်မီတိုးတက်အောင် တီထွင်ကြံဆဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

တပ်မတော်သည်အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့်တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်

တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် တပ်မတော်အခန်းကဏ္ဍအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်းတစ်ခန်းအဖြစ် ပါဝင်မည့် "တပ်မတော်အခန်း" အတွက်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြလိုပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် အခြေခံရမည့် မူများကို ၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင်ကျင်းပခဲ့သည့် အမျိုးသား ညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့ပါကြောင်း၊ ယင်းအခြေခံရမည့်မူများထဲ တွင် "တပ်မတော်"နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများကို အောက်ပါအတိုင်း ချမှတ်ခဲ့ပါကြောင်း-

(က) တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်သည်၊

(ခ) တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်၊

(ဂ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့ အားလုံး၏ အကြီးအကဲဖြစ်သည်၊

(ဃ) တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူ တစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်၊

(င) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲ ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ် စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်၊

(စ) တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ် စောင့် ရှောက်ရန် အဓိကတာဝန်ရှိသည်။

ထိုကဲ့သို့ချမှတ်ခဲ့သည့် အခြေခံရမည့်မူများကို သက်ဆိုင်ရာအခန်းအတွက် ဆွေးနွေးသည့်အခါ အခြေခံအဖြစ်ထားရှိဆောင်ရွက်ရန်လည်းကောင်း၊ သက်ဆိုင် ရာ အခန်းနှင့်စပ်လျဉ်းသည့်မူများကို သက်ဆိုင်ရာအခန်းအတွက် ဆွေးနွေး သည့်အခါ ထိုအခန်းသို့ ပြောင်းရွှေ့ဖော်ပြရန်လည်းကောင်း အဆိုပါညီလာခံစုံညီ အစည်းအဝေးက သတ်မှတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် တပ်မတော်အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးအတွက် တင်ပြရာတွင် အမျိုးသား ညီလာခံစုံညီ အစည်းအဝေးကချမှတ်ခဲ့သည့် တပ်မတော်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများကို အခြေခံပြီး ရှင်းလင်းတင်ပြသွားမည် ဖြစ်သည့်အပြင် တပ်မတော်အခန်းသို့ ပြောင်းရွှေ့ဖော်ပြသင့်သော အခြေခံရမည့် မူများကို ပြောင်းရွှေ့ရန်ကိုလည်း တင်ပြသွားမှာဖြစ်ပါကြောင်း။

နိုင်ငံတော်တစ်ရပ်ရှိလာလျှင် ထိုနိုင်ငံတော်ကိုကာကွယ်ရန် တာဝန်ယူရ သော အဖွဲ့အစည်းတစ်ရပ်ရှိရပါကြောင်း၊ ယင်းအဖွဲ့အစည်းသည် လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သည့်"တပ်မတော်"ပင်ဖြစ်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ ကာကွယ်ရေးကို တာဝန်ယူရသည်နှင့်အညီ တပ်မတော်တစ်ရပ် အင်အားတောင့်တင်းနေမှသာလျှင် နိုင်ငံတော်၏လုံခြုံရေး၊တည်တံ့ရေး၊ ခိုင်မြဲ ရေးတို့အတွက် အာမခံချက်ရှိမှာဖြစ်ပါကြောင်း။

တပ်မတော်သည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို အစွမ်း ကုန်ဖြည့်ဆည်းပေးရမည်ဆိုသည့် အမျိုးသားရေးရည်မှန်းချက်နှင့်အတူ ဒို့တာဝန် အရေးသုံးပါးကို မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက် ကျေပွန်စွာ ထမ်းဆောင် နိုင်ခဲ့သည်ကိုတွေ့ခဲ့ရပြီးဖြစ်ပါကြောင်း၊ ပြည်သူများ၏အသက်၊အိုးအိမ်၊ စည်းစိမ် လုံခြုံရေး၊ သာယာဝပြောပြီး အေးချမ်းတည်ငြိမ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ် ဝင့်ထည်စွာ သိက္ခာရှိရှိအခွန့်ရှည်စွာ ရပ်တည်နိုင်ရန် ကာကွယ်ရေးတာဝန်ကို တပ်မတော်က ထမ်းဆောင်နေရခြင်းဖြစ်ပါကြောင်း၊ အဆိုပါ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်အတွက် တပ်မတော်အင်အား တောင့်တင်းရန်လိုအပ်ပါ ကြောင်း။

နိုင်ငံကာကွယ်ရေးအင်အား တောင့်တင်းခဲ့သော ကာလများဖြစ်သည့် ပုဂံခေတ် အနော်ရထာမင်းလက်ထက် ပထမမြန်မာနိုင်ငံတော်၊ တောင်ငူ ခေတ် ဘုရင့်နောင်ကျော်ထင်နော်ရထာအုပ်စိုးစဉ် ဒုတိယမြန်မာနိုင်ငံတော်နှင့် ကုန်းဘောင်ခေတ် အလောင်းဘုရားဦးအောင်ဇေယျအုပ်စိုးစဉ် တတိယမြန်မာ နိုင်ငံတော်တို့သည် တပ်မတော်အင်အား တောင့်တင်းခဲ့မှု၏ သာဓက ပြယုဂ် များဖြစ်ပါကြောင်း၊ တပ်မတော်အင်အား ချည့်နဲ့ခဲ့သောကာလ(၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ခုနှစ်)တို့တွင် တိုင်းပြည်အစိတ်စိတ်အမွှာမွှာဖြစ်ခဲ့ပြီး နောက်ဆုံး အချုပ် အခြာအာဏာလွတ်လပ်ရေးပင်ဆုံးရှုံးခဲ့ရသည်ကို တွေ့သိခံစားခဲ့ရပြီး ဖြစ်ပါ ကြောင်း။

၂၀၀၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင်ကျင်းပခဲ့သည့် နှစ်(၆၀)ပြည့် တပ်မတော် နေ့အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအား မြှင့်တင်ရေးနှင့်စပ်လျဉ်းပြီး-

"ဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတော်ကို အကြွင်းမဲ့ ကာကွယ်စောင့် ရှောက်နိုင်ရန်အတွက် ဒို့တပ်မတော်ကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်း ဘုရား ဦးအောင်ဇေယျဘုရင်မင်းမြတ်တို့ တည်ထောင်ခဲ့တဲ့ ထက်မြက်သော တပ်မတော်များရဲ့ လက်ဆင့်ကမ်းအမွေကိုခံယူလျက် ပိုမိုအင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်သော ခေတ်မီတပ်မတော်ကြီးအဖြစ် တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြရမယ်"ဟု မိန့်ကြားခဲ့ပါ ကြောင်း။

နိုင်ငံတကာဆက်ဆံမှုကို လေ့လာမည်ဆိုပါကလည်း နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအင်အားနှင့် စစ်ရေးအင်အားကိုကြည့်ပြီး ဆက်ဆံနေကြရတာကိုတွေ့ရ ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံအများစု၏တပ်မတော်များကို

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်အခန်း ကဏ္ဍအတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်ကို အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အင်အားတောင့်တင်းမှုအပြင် အဆင့်မြင့်လက်နက်ကိရိယာများ တပ်ဆင် အသုံးပြုသည့် တစ်ခုတည်းသောခေတ်မီတပ်မတော်အဖြစ် တည်ထောင်နေကြ သည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

ပါတီစုံစနစ်ကိုကျင့်သုံးခဲ့သည့် မြန်မာ့သမိုင်းကို ပြန်ကြည့်မည်ဆိုပါက ဖဆပလအစိုးရလက်ထက် ၁၉၅၅ခုနှစ် အောက်တိုဘာလမှာ ပျူစောထီး တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းတပ်ဖွဲ့များသည် ပြည်သူကိုကာကွယ် စောင့်ရှောက်ရမည့်အစား လက်နက်အားကိုးဖြင့် ပြည်သူများကို ညှဉ်းပန်းနှိပ်စက် လာကြပါကြောင်း၊ မိမိတို့ကိုဖွဲ့စည်းပေးခဲ့သည့် ပါတီအုပ်စုများ၏ခါးပိုက်ဆောင် တပ်များသဖွယ် ပြုကျင့်လာကြပါကြောင်း၊ ၁၉၅၆ခုနှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲမတိုင်မီမှာပင် ပျူစောထီးများ၏ရမ်းကားမှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဖဆပလ နှစ်ခြမ်းကွဲသည့်အခါ ပျူစောထီးများ၏အခြေအနေ ပိုမိုဆိုးရွားလာ သည့်အတွက် ၁၉၅၈ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ပျူစောထီးတပ် များကိုဖျက်သိမ်းခဲ့ရပါကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများသည် ပြည်သူ များကို အလုပ်အကျွေးပြုရန်ဖြစ်သော်လည်း ဥပဒေနှင့်အညီ စနစ်တကျဖွဲ့စည်း ထားခြင်းမရှိသည့်အခါ ပြည်သူအတွက်အန္တရာယ်ဖြစ်ခဲ့ကြောင်း သမိုင်းသာဓကေ များရှိခဲ့ပါကြောင်း၊ ယင်းအတွေ့အကြုံများအရ နိုင်ငံတော်တွင် တစ်ခုတည်းသော တပ်မတော်ရှိရန် ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိ ရှင်းလင်းတင်ပြခဲ့သည့် အကြောင်းအချက်များအရ တစ်ခုတည်းသော အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီ တပ်မတော်ဖြစ်တည်မှုနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ် သည့်**"တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့်တစ်ခုတည်း သော တပ်မတော်ဖြစ်သည်"**ဆိုသော အခြေခံရမည့် မူကိုမှီငြမ်းပြုပြီး**" တပ်မတော် သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခု တည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်"** ဟု အသေးစိတ်အခြေခံရမည့် မူချမှတ် ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏အသက်သည် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် တည်မှီ၍နေပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံလုံး၏ ပင်မဥပဒေဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ တွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုဖော်ဆောင်မည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သည့် အခြေခံမူများအား အခြေခံရေးဆွဲထားသော ဥပဒေဖြစ်ပါကြောင်း၊ သို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိပါးဖျက်ဆီးစေခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသား တို့၏ အကျိုးစီးပွားကိုလည်းကောင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာ အာဏာကိုလည်းကောင်း ထိခိုက်သောအန္တရာယ်ပင်ဖြစ်ပါကြောင်း၊ တစ်နည်း အားဖြင့် နိုင်ငံတော်၏အကြီးမားဆုံးသော အန္တရာယ်ပင်ဖြစ်ပါကြောင်း၊ ယင်း အန္တရာယ်ကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ကာကွယ်နိုင်သော အဖွဲ့ အစည်းသည် တပ်မတော်တစ်ရပ်သာဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက် ရေးတာဝန်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သည့် **"တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက် ရန် အဓိကတာဝန်ရှိသည်"**ဆိုသည့် အခြေခံရမည့်မူကိုပင် တပ်မတော်အခန်း တွင် အသေးစိတ်အခြေခံရမည့် မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် ပြည်ထောင်စု နိုင်ငံဖြစ်ပြီး သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားအပေါင်းသည် အေးအတူပူအမျှ နေထိုင်လာခဲ့ကြပါကြောင်း၊ ယင်းသို့နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုး များသည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကို အခြေခံထားသည့် သွေးချင်းများ ဖြစ်ကြပါကြောင်း။

ညီညာမှ ပြည်သာသည်၊ ညီညွတ်ခြင်းသည်အင်အား ဆိုသည့် ဆိုရိုးစကား နှင့်အညီ စည်းလုံးညီညွတ်ခြင်းသည် ခွန်အားကိုဖြစ်စေသကဲ့သို့ စည်းလုံးညီညွတ်မှု ကင်းမဲ့ခြင်းသည် ခွန်အားကိုယုတ်လျော့စေကာ ပျက်စီးရာပျက်စီးကြောင်းသို့ ဦးတည်စေပါကြောင်း။

ကမ္ဘာ့အလယ်တွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည် လာခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၉ရာစုအတွင်း ကိုလိုနီနယ်ချဲ့ များ၏ သုံးကြိမ်တိုင်တိုင် စစ်မက်ကျူးကျော်တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရပြီး နိုင်ငံတော်ကို မတရားသဖြင့် သိမ်းပိုက်ကျွန်ပြုအုပ်စိုးခြင်းကိုခံခဲ့ရပါကြောင်း။

ကိုလိုနီနယ်ချဲ့တို့၏ ကျွန်ပြုသိမ်းပိုက်မှုကို ပြည်ထောင်စုဖွားတိုင်းရင်း သားညီအစ်ကိုများက မျိုးချစ်စိတ်ဓာတ်ပြင်းထန်စွာဖြင့် လက်နက်စွဲကိုင် ခုခံ တွန်းလှန်တိုက်ခိုက်ခဲ့ကြပါကြောင်း၊ ထိုသို့လွတ်လပ်ရေးပြန်လည်ရရှိအောင် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြသူများနည်းတူ လွတ်လပ်ရေးပြန်လည်မဆုံးရှုံးအောင် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်သော တိုက်ပွဲပေါင်းများစွာ၌ စွန့်လွှတ် စွန့်စားတိုက်ပွဲဝင်ခဲ့ကြသည့် တိုင်းရင်းသားအားလုံး၏ သားသမီးများဖြစ်ကြ သော တပ်မတော်သားအပါအဝင် ဝန်ထမ်းနှင့် ပြည်သူအများအပြားရှိခဲ့ ပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲ၍ ပြည်ထောင်စုပြိုကွဲရာတွင် အချုပ် အခြာအာဏာများပါ ဆုံးရှုံးထိပါးခဲ့ရသော ထင်ရှားသော မျက်မှောက်သာဓကေ များရှိခဲ့ပါကြောင်း။

ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးတာဝန် နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သည့် **"ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်"**ဆိုသည့် အခြေခံရမည့်မူကို တပ်မတော်အခန်းတွင် အသေး စိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့် မသင့် ဆွေးနွေးအကြံပြု ကြရန်ဖြစ်ပါကြောင်း။

ပြည်သူလူထုသည် တပ်မတော်ကို မဏ္ဍိုင်ပြု၍ ပြည်လုံးကျွတ်ခုခံ တွန်းလှန် ကြိုးပမ်းအားထုတ်မှုများကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက် နေ့တွင် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ပါကြောင်း။

လွတ်လပ်ရေးရပြီးနောက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲသည့် အတွက် ရောင်စုံသောင်းကျန်းမှု ပြည်တွင်းအန္တရာယ်များ ကျရောက်ခဲ့သော ၁၉၄၈၊ ၄၉ ခုနှစ်များအတွင်း ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်၊ အချုပ် အခြာအာဏာ ပြန်လည်ဆုံးရှုံးမည့် အန္တရာယ်များနှင့် ကြုံကြိုက်ခဲ့ပြန်သည့် အတွက်ကြောင့် တပ်မတော်ကပင် အမျိုးသားနိုင်ငံရေးဦးဆောင်မှုကို ရယူ၍ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပါကြောင်း။

၁၉၅၃ ခုနှစ်တွင် ကျူးကျော်လာသော တရုတ်ဖြူ(ကူမင်တန်)အင်အား ၁၂၀၀၀ ကျော်ကိုလည်း တပ်မတော်ကပင် စစ်ဆင်ရေးကြီးများဖြင့် တွန်းလှန် တိုက်ထုတ်ပြီး ကျူးကျော်သိမ်းပိုက်ခံထားရသည့် နယ်မြေများကို ပြန်လည်ရယူ ထိန်းသိမ်းခဲ့ရပါကြောင်း၊၁၉၅၈ခုနှစ်တွင် ဖဆပလအဖွဲ့နှစ်ခြမ်းကွဲပြီး တိုင်းပြည်ပါ ပြိုကွဲပျက်စီးမည့်အချိန်တွင်လည်း တပ်မတော်ကပင် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူခဲ့ရပါကြောင်း၊အလားတူ ၁၉၆၁ခုနှစ်တွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အားနည်းချက်အချို့အပေါ် အကြောင်းပြု၍ ပြည်ထောင်စုကြီး ပြိုကွဲတော့မည့် အခြေအနေကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော် အာဏာကို ထိန်းသိမ်းခဲ့ရပါကြောင်း။

ယင်းနောက် ၁၉၈၈ ခုနှစ် နိုင်ငံနှင့်အဝန်း ဖြစ်ပေါ်ခဲ့သည့် မင်းမဲ့စရိုက် ဆိုးကြီးကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံကင်းမဲ့သွား သည့်အပြင် ပြည်ပမှလည်း နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဝင်ရောက်ခြိမ်း ခြောက် စွက်ဖက်လာသည့် အခြေအနေသို့ ရောက်ရှိခဲ့သောကြောင့် တပ်မတော် သည် သမိုင်းပေးတာဝန်အရ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို မလွှဲမရှောင် သာ ဝင်ရောက်ရယူခဲ့ရပါကြောင်း။

ထို့ကြောင့် မိမိ အခုတင်ပြခဲ့သည့် နိုင်ငံသမိုင်းစဉ် ဖြစ်ရပ်များအရ နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးနှင့်စပ်လျဉ်းပြီး **"ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ် ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်"**ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

တိုင်းရင်းသား ပြည်သူအပေါင်းသည် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲ တစ်လျှောက်လုံးတွင်လည်းကောင်း၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ တစ် လျှောက်လုံးတွင်လည်းကောင်း အနိုင်မခံ အရှုံးမပေးသော တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ဖြင့် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည် ရယူခဲ့ကြပါကြောင်း၊ ယင်းသို့ နိုင်ငံသားတိုင်း ပါဝင်ကြိုးပမ်းရယူခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန် အတွက် နိုင်ငံသားတိုင်းမှာတာဝန်ရှိပါကြောင်း၊ ယင်းသို့နိုင်ငံတော်၏လွတ်လပ် ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရခြင်းသည် မွန်မြတ်ဂုဏ်ယူဖွယ်ရာတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော် ၏လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို တပ်မတော်ကအဓိကတာဝန်ယူရမည့် အပြင် လိုအပ်သည့်အခြေအနေမျိုးတွင် တိုင်းရင်းသားပြည်သူတို့စနစ်တကျ ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် တပ်မတော်ကပင် ဦးဆောင်ပြီး စီမံဆောင်ရွက် ပေးရန်ဖြစ်ပါကြောင်း။

၁၉၇၄ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၁တွင် “နိုင်ငံသားတိုင်းသည် ဥပဒေအရ စစ်ပညာသင်ကြားရမည်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရမည်”ဟု ပြဋ္ဌာန်းထားပြီး၊ အမျိုးသားညီလာခံကချမှတ်ခဲ့ပြီးဖြစ်သည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးတာဝန်များနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများတွင်လည်း “နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားရန် တာဝန်ရှိမည်”၊ “နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်မှုထမ်းရန်တာဝန်ရှိမည်”ဟု ဖော်ပြထားတာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူများပါဝင်ရေးနှင့်စပ်လျဉ်းပြီး–

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမည့် မည်သည့်အန္တရာယ်၊ အတားအဆီးကိုမဆို တွန်းလှန်ကျော်လွှားရမှာဖြစ်ပါကြောင်း၊ ယင်းအတားအဆီးအားလုံးကို ကျော်လွှားပြီး တိုင်းပြည်အကျိုးစီးပွား ဖော်ဆောင်နိုင်ရန်အတွက် ကာကွယ်ရေးစွမ်းအားရှိရန်လိုပါကြောင်း၊ ယင်းစွမ်းအားသည် လေ့ကျင့်မှုပြည့်ဝသည့် ကြည်း၊ ရေ၊ လေ တပ်မတော်ပင်ဖြစ်ပါကြောင်း၊ ယင်းအင်အားမှာ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အပြင် လုပ်ငန်းတာဝန်၏သဘော သဘာဝအရ နိုင်ငံတော်က လက်နက်ကိုင်ဆောင်ခွင့်ပြုထားသည့် သူများအားလုံးပါဝင်ပါကြောင်း၊ ယင်းလက်နက်ကိုင် အင်အားစုများသည်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို တာဝန်ခံရမှာဖြစ်ပါကြောင်း၊ သို့မှသာ တာဝန်ကို တစ်သွေးတစ်သံတစ်မိန့် ထမ်းရွက်နိုင်ကြမှာဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို ကွပ်ကဲမှုနှင့်စပ်လျဉ်းပြီး **“နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်”**ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခန်းကဏ္ဍနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သည့် **“တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲဖြစ်သည်”** ဆိုသည့် အခြေခံရမည့် မူကိုလည်း တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့်မသင့်ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကို အဓိကတာဝန်ယူရသော ပုဂ္ဂိုလ်ဖြစ်သည့်အတွက် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ကွပ်ကဲရပါကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်၏ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကြီးကို ထမ်းရွက်ရသည့် ပုဂ္ဂိုလ်ဖြစ်သည့်အလျောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် ထမ်းရွက်ရသော တာဝန်နှင့်လိုက်လျောညီထွေရှိရန် လိုအပ်လှပါကြောင်း။

ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရေးနှင့်စပ်လျဉ်းပြီး–

“တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့်သတ်မှတ်သည်”ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၏လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြလိုပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်တွင် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏အကြီးအကဲဖြစ်ပါကြောင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသူတစ်ဦးလည်း ဖြစ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထမ်းဆောင်ရသည့် တာဝန်နှင့် လုပ်ငန်းသဘောသဘာဝသည် ထူးခြားပြီး နိုင်ငံတော်အတွက် အရေးပါသည့်အတွက် ဒုတိယသမ္မတအဆင့် သတ်မှတ်ထားရှိရန် တင်ပြထားခြင်းဖြစ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမျိုးသားညီလာခံက ချမှတ်ထားသည့် မူများအရ လွှတ်တော်အသီးသီးမှာ ပါဝင်မည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကိုလည်းကောင်း၊ ကာကွယ်ရေး၊လုံခြုံရေး/ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် ခန့်အပ်တာဝန်ပေးရန် လည်းကောင်း သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို တင်သွင်းပေးရမှာဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အုပ်ချုပ်ရေးအကြီးအကဲဖြစ်ကြောင်း အမျိုးသားညီလာခံက အသေးစိတ်အခြေခံရမည့်မူ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတကို တာဝန်ပေးသင့်ပါကြောင်း၊ ယင်းကဲ့သို့ တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် အဆုံးအဖြတ်ပြုခြင်းထက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ကို ရယူပြီးမှ ခန့်အပ် တာဝန်ပေးမည်ဆိုပါက ပိုမိုလျော်ကန်သင့်မြတ်မှာဖြစ်ပါကြောင်း။

ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်းပြီး–

“နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း။

တပ်မတော်သည် တပ်မတော်၏အစဉ်အလာ(၁၂)ရပ်ကို ထိန်းသိမ်းနိုင်ခြင်း၊ တပ်မတော်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက် စသည့်လုပ်ငန်းများကို မှန်ကန်စွာချိတ်ဆက်လည်ပတ်နိုင်ခြင်း၊ တပ်မတော်၏အား(၁၀)ပါးနှင့် ပြည့်စုံပြီး စစ်စည်းကမ်းကောင်းမွန်ခြင်းတို့ကြောင့် ဘယ်သူခွဲခွဲ ဒို့မကွဲ၊ အမြဲ စည်းလုံးသော တပ်မတော်အဖြစ် ရပ်တည်နေခြင်းဖြစ်ပါကြောင်း။

တပ်မှူးအဆင့်ဆင့်ကလည်း မိမိကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့များကို တပ်မတော်အစဉ်အလာ(၁၂)ရပ်နှင့်ပြည့်စုံအောင် လေ့ကျင့်ပေးကြပြီး အစဉ်အလာကောင်းသော တပ်မတော်၏အရည်အချင်းများ ပြည့်ဝသည်ထက်ပြည့်ဝအောင် ကြိုးပမ်းခဲ့ကြပါကြောင်း။

တပ်မတော်တစ်ရပ်လုံးကိုထိန်းချုပ်ထားသည့်စနစ်မှာ အမိန့်နာခံမှုစနစ်ပင်ဖြစ်ပါကြောင်း၊ တပ်မတော်ကို စတင်ဖွဲ့စည်းလေ့ကျင့်စဉ်ကပင် အမိန့်နာခံမှုသည် မလွဲမသွေ လိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ အမိန့်နာခံမှုကောင်း၍ လွတ်လပ်ရေးရအောင်ယူပေးနိုင်ခဲ့ပြီး လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်း ဖြစ်ပါကြောင်း။

ထိုသို့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းရာတွင် စစ်ဘက်တာဝန်၏သဘောသဘာဝအရ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် တပ်မတော်သည် မိမိတို့၏ တပ်မတော်ရေးရာကိစ္စအဝဝကို လွတ်လပ်စွာစီမံဆောင်ရွက်ပိုင်ခွင့်ရှိမှသာလျှင် တပ်မတော်က ထမ်းဆောင်ရမည့်တာဝန်များကို အချိန်နှင့်တစ်ပြေးညီ ကျေပွန်စွာ ထမ်းဆောင်နိုင်မှာ ဖြစ်ပါကြောင်း။

တပ်မတော်က ဆောင်ရွက်ရသည့် ကာကွယ်ရေးနှင့်လုံခြုံရေးရာကိစ္စများသည် များသောအားဖြင့် လျှို့ဝှက်ချက်များဖြစ်ပြီး အလျင်အမြန်ဆုံးဖြတ်၍ ပြီးစီးအောင် ဆောင်ရွက်ကြရပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သည့်**“တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်”**ဆိုသည့် အခြေခံရမည့် မူကို တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

တပ်မတော်အဖွဲ့အစည်းသည် လက်နက်ကိုင်အင်အားစုဖြစ်သည့်အတွက် ပြည်သူများလိုက်နာရသည့် စည်းကမ်းဥပဒေမျှနှင့်မလုံလောက်ပါ။ ထူးခြားသော အခြေအနေပြဋ္ဌာန်းချက်များပါဝင်သည့် အထူးဥပဒေတစ်ရပ်ဖြင့် စည်းကမ်းထိန်းသိမ်းရပါကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏မဏ္ဍိုင်ဖြစ်ပါကြောင်း၊ စစ်စည်းကမ်းလိုအပ်ချက်နှင့် စစ်ဘက် လတ်တလောလိုအပ်ချက်များသည် ထိုအဖွဲ့အစည်းများ၏ထူးခြားသည့် အခြေအနေများဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတကာမှာ တပ်မတော်သားများအတွက် တပ်မတော် အက်ဥပဒေများ သီးခြားပြဋ္ဌာန်းထားကြသည်ကို တွေ့ရှိရပါကြောင်း။

ထို့အတူ မိမိတို့နိုင်ငံမှာလည်း ၁၉၅၉ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် တပ်မတော် အက်ဥပဒေအရ တပ်ပိုင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းပြီး စစ်တရားရုံးများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၉၈၊ ၉၉၌ “တရားစီရင်ရာတွင် အဖွဲ့ဖြင့်သာစီရင်ရမည်။ ပြည်သူ့တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင်မူ အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်”ဟု ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရပါကြောင်း။

ထို့ကြောင့် တပ်မတော်သားများအတွက် တရားစီရင်ရေးနှင့်စပ်လျဉ်းပြီး–

“တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်စည်းကမ်း ကောင်းမွန်ရေးအတွက် လိုအပ်သော အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ကာ ထိန်းသိမ်းရပါကြောင်း၊ စစ်စည်းကမ်းလိုအပ်ချက်နှင့် စစ်ဘက်လတ်တလောလိုအပ်ချက်များကို အလုံးစုံ သိရှိနားလည်သူမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်သားများအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်မည့်သူသာ ဖြစ်ပါကြောင်း။

ထို့ကြောင့် စစ်ဘက်တရားစီရင်ရေးတွင် အပြီးအပြတ် အဆုံးအဖြတ်ဖြစ်ရေးနှင့်စပ်လျဉ်းပြီး–

“စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်”

ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါတယ်။

တပ်မတော်သားတိုင်းသည် သစ္စာ(လေး)ချက်ကို အဓိဋ္ဌာန်ပြုထားကြသည့်အတိုင်း နိုင်ငံနှင့်လူမျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြရသူများ ဖြစ်ပါကြောင်း၊ တပ်မတော်သားများအတွက် မသန်မစွမ်းဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ သေဆုံး ကျဆုံးခဲ့လျှင်သော်လည်းကောင်း၊ ကျန်ရစ်သူမိသားစုများအတွက် နိုင်ငံတော်က စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း။

ထို့ကြောင့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများ၊ သေဆုံးကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား စောင့်ရှောက်ရေးနှင့် စပ်လျဉ်းပြီး–

“မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

ပြည်သူများ၏အသက်အန္တရာယ်၊ နိုင်ငံ၏ လုံခြုံရေးအန္တရာယ်၊ သဘာဝအန္တရာယ်ဘေးများကျရောက်လာပါက တပ်မတော်က ပါဝင်ဆောင်ရွက်ရကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၉၄နှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၇၆ တို့တွင် ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ကမ္ဘာ့နိုင်ငံအချို့၏ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာတွင် နိုင်ငံ၏ နယ်ပယ်များကိုကာကွယ်ရန်မှာ တပ်မတော်၏ တာဝန်ဖြစ်ကြောင်း၊ နယ်ဘက်အာဏာပိုင်များက အကူအညီတောင်းလာပါက တပ်မတော်ကဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ရှိသော အဖွဲ့များကို အကူအညီပေးခြင်း၊ ကာကွယ်ပေးခြင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးထိန်းသိမ်းပေးခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီပေးခြင်းကိုပြုလုပ်နိုင်သည်။ လိုအပ်ပါက မိမိသဘောအလျောက် တပ်မတော်က ဖော်ပြပါကိစ္စရပ်များအတွက်ဆောင်ရွက်နိုင်သည်ဟုလည်းကောင်း၊ တပ်မတော်သည် ပြည်သူများမှ ပေါက်ဖွားလာ၍ ပြည်သူများ၏လုံခြုံမှုလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ပြည်သူကို အလုပ်အကျွေးပြုရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်ဟုလည်းကောင်း ပြဋ္ဌာန်းထားကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ထို့ကြောင့် နိုင်ငံတော်တွင် ဘေးအန္တရာယ်ကျရောက်လာပါက ကူညီဆောင်ရွက်ရေးနှင့် စပ်လျဉ်းပြီး–

“နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

မိမိတင်ပြခဲ့သည့် လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်ချက်များအပေါ် အခြေပြုပြီး တပ်မတော်အခန်း ကဏ္ဍနှင့် စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါကြောင်း–

၁။ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်။

၂။ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။

၃။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံအား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည်။

၅။ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။

၆။ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ရှိရမည်။

၇။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲဖြစ်သည်။

၈။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏အဆင့် သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။

၉။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဆိုပြု ထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်။

၁၀။ တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၁၁။ တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။

၁၂။ စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၃။ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံး၊ ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။

၁၄။ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်။

တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ မိမိစုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရန် သင့် မသင့် ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း ထပ်လောင်း မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။

စာမျက်နှာ ၇ မှ

၂၅။ နိုင်ငံတော်သည် ပညာရည်ထူးချွန်သောနိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမထားရှိဘဲ မိမိတို့၏အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်။

၂၆။ **ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့**လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်ရှိသည်။

၂၇။ **လွှတ်တော်တစ်ရပ်ရပ်မှလွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ**မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၂၈။ **နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး** အတွက် နိုင်ငံသားများသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂၉။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည် **တို့ကိုရရှိစေရန် ကူညီမည်။**

၃၀။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ တည်ဆဲ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကိုဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို **နိုင်ငံတော်က အာမခံသည်။**

၃၁။ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့် အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှား စီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ။

၃၂။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသောတရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်ခြင်း ခံရလျှင်ဖြစ်စေ အဆိုပါ ပြစ်မှုထင်ရှား စီရင်သည့်စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးကပယ်ဖျက်ပြီး အမှုကို အသစ် တစ်ဖန် ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်သည့် အခါမှသာ ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

၃၃။ **ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးဦးသည် ဥပဒေနှင့်** အညီ ခုခံချေပခွင့်ရှိစေရမည်။

၃၄။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန်လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲ **ဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး မည်သူ့ကိုမျှ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ ၂၄နာရီ** ထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ။

၃၅။ ဤအခန်း၌ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စု တရား **လွှတ်တော်ချုပ်သို့ လျှောက်ထားရယူပိုင်ခွင့်ရှိရမည်။**

၃၆။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့်စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော်အမိန့် တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာ ရှိရမည်။

(က) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊

(ခ) **အာဏာပေး စာချွန်တော်အမိန့်၊**

(ဂ) တားမြစ်စေ စာချွန်တော်အမိန့်၊

(ဃ) အာဏာပိုင်မေး စာချွန်တော်အမိန့်၊

(င) အမှုခေါ် စာချွန်တော်အမိန့်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန် **တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာသည် အခြားတရားရုံး**များအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့်သဘောမျိုး သက်ရောက်သည့်အမိန့် ထုတ်ဆင့်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။

၃၇။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် **အများပြည်သူ လုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး** အပိုဒ် ၃၆ပါ အခွင့်အရေးများတောင်းခံခွင့်ကို ရပ်ဆိုင်းမထားရ–

(က) စစ်မက်ဖြစ်ပွားချိန်၊

(ခ) **တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊**

(ဂ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်။

၃၈။ **နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည်** ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ် စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၃၉။ အောက်တွင်ဖော်ပြထားသော အခြေအနေနှင့် အချိန်အခါမှအပ နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာချက်များ အတွက် ဥပဒေဖြင့် သတ်မှတ်ထားသော ရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရ–

(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊

(ခ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊

(ဂ) အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်။

၄၀။ **ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများရှိစေရေးတို့အတွက် ဤအခန်း၌** ပေးအပ်ထားသော အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန်လိုအပ်သော အခွင့်အရေးများကို ဥပဒေ ပြဋ္ဌာန်း၍ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းပြုရမည်။

၄၁။ နိုင်ငံသားတိုင်းသည်–

(က) **ပြည်ထောင်စုမပြိုကွဲရေး**

(ခ) **တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်**

(ဂ) **အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်း ရန် တာဝန်ရှိသည်။**

၄၂။ **နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်။**

၄၃။ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးတို့ကို ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။**

၄၄။ **နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်း အားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။**

၄၅။ **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေး သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။**

၄၆။ **နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားပေးရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှု ထမ်းရန် တာဝန်ရှိသည်။**

၄၇။ **နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန် အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။**

၄၈။ **ဤအခန်းပါ**"နိုင်ငံတော်"**ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေ ပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့် အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်။**

"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ"အခန်းနှင့် စပ်လျဉ်း၍ မိမိ စုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ရန် သင့်မသင့် ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း ထပ်လောင်းမေတ္တာရပ်ခံကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ စာတမ်းပြုစုတင်ပြရေးအတွက် ညှိနှိုင်းဆွေးနွေး

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ပြည်ထောင်စုခန်းမတွင် ကျင်းပရာ သဘာပတိ မန္တလေးတိုင်းမှ ဦးမြစိန် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၀

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမနှင့် သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ကျင်းပရာအလှည့်ကျသဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်အဖြစ် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးဖိုးလစ်ဆမ်(ခ) ဦးစောဖိုးလစ်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၃) ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၂၈ဦးရှိသည့်အနက် ၂၆ဦးတက်ရောက်သည့်အတွက် တက်ရောက်မှုရာခိုင်နှုန်း ၉၂ ဒသမ ၈၆ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)တွင်ကျင်းပရာ သဘာပတိ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အလှည့်ကျသဘာပတိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းနှင့် တပ်မတော်အခန်း ကဏ္ဍတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီ ခုနစ်ပါတီတို့မှ အကြံပြုချက်စာတမ်းများပြုစုရန်နှင့် စာတမ်းတင်သွင်းမည့်နေ့ရက်ကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစုအဖွဲ့အစည်းအဝေးကို မွန်းလွဲ ၁နာရီ၁၅မိနစ်တွင်ရပ်သိမ်းလိုက်သည်။

စာမျက်နှာ ၁၃ ကော်လံ ၃ သို့

အမှာစကားပြောကြား

နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကိုဆွေးနွေးပွဲခန်းမ(၁)တွင် ကျင်းပရာ သဘာပတိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လော အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ အမှတ်(၁) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးစိုးကြည် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ***ကျောဖုံးမှ***

မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပဲခူးတိုင်း(အရှေ့)ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၆၀၀၀ ကျော် တက်ရောက်ကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် အမှတ်(၁) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစိုးကြည်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြို့မိမြို့ဖကိုယ်စားလှယ် ဒေါက်တာကျော်စိန်ဝင်း၊ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးသိန်းဝင်း၊ မဇင်းစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးထွန်းရေး၊ ရွှေမော်ဓော ဘုရား ဂေါပကအဖွဲ့ဝင် ယုန်ညီနောင်ဆေးလိပ်ရုံပိုင်ရှင် ဦးငွေရှိန်၊ တိုင်းရင်းသား ကိုယ်စားလှယ် ပဲခူးသာသနာ့နွယ် နှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ ဥက္ကဋ္ဌ ဦးစောရွှေဒုံး၊ တရားရုံးချုပ်ရှေ့နေ ဦးဇော်ဝင်းတို့က ဆောင်ရွက်ကြသည်။

ပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားခေါင်းဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် နိုင်ငံ့ဝန်ထမ်းများနှင့် လူထုကိုယ်စားလှယ်များ ပါဝင်ကြောင်း၊ ထို့ကြောင့် **ပြည်ထောင်စုကြီးကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ အနာဂတ်ရေးအတွက် မြန်မာနိုင်ငံ၏ သဘာဝရေမြေ၊ ယဉ်ကျေးမှုစရိုက်နှင့် ကိုက်ညီသည့် အခြေခံဥပဒေများ ပေါ်ထွက်လာရေးတို့အတွက် ဆွေးနွေး ရေးဆွဲနေကြပြီ** ဖြစ်ကြောင်း။

၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်ထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့် အခြေခံမူ ၁၀၄ ချက်ကို အတည်ပြုချမှတ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ပြည်တွင်းပြည်ပ အဖျက်သမားများ၊ အနောက်မျှော်နယ်ချဲ့ဝါဒီများ၏ နှောင့်ယှက်ဟန့်တားမှုများကြောင့် ၁၉၉၆ ခုနှစ်တွင် အမျိုးသားညီလာခံကြီးအား ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ ထိုအချိန်က အမျိုးသားညီလာခံကြီးကို အနှောင့်အယှက် အဟန့်အတားကင်းမဲ့စွာ ဆောင်ရွက်နိုင်ခဲ့လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး အောင်မြင်စွာ ရေးဆွဲနိုင်မည်ဖြစ်သည့်အတွက် ယခုအချိန်ဆိုလျှင် ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာမှာ မလွဲဧကန်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ပင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရစေကာမူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးကို မျှော်ကိုးပြီး ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် ယာယီရပ်ဆိုင်းခဲ့သော အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှစပြီး ပြန်လည်ကျင်းပနိုင်ခဲ့ကြောင်း။

မိမိတို့၏ **သမိုင်းစဉ်တစ်လျှောက်လုံး၌လည်း နိုင်ငံတော်ကြီးပျက်စီးအောင်၊ ကျွန်ဘဝရောက်အောင် နှောင့်ယှက်ဖျက်ဆီးမှုများဖြင့် ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများသည် ပြည်ထောင်စုကြီး ပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ အချုပ်အခြာအာဏာဆိုသည့် လွတ်လပ်ရေးကြီးဆုံးရှုံးကာ ပြည်ပသြဇာခံဖြစ်စေရေးတို့အတွက် နည်းလမ်းပေါင်းစုံ၊ ပရိယာယ်ပေါင်းစုံ၊ မျက်နှာဖုံးပေါင်းစုံစွပ်ပြီး လုပ်ဆောင်အန္တရာယ်ပြုနေကြသည်ကို သတိထားကြရမည်ဖြစ်ကြောင်း။**

မျက်ဝါးထင်ထင်တွေ့မြင်

နိုင်ငံတော်အစိုးရအနေဖြင့် အခက်အခဲ အကျပ်အတည်းကြားများရှိသော်လည်း ပြည်တွင်းအင်အား၊ ပြည်သူတို့၏စွမ်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအင်အား သုံးရပ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်အတွင်း ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်းရှိ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်တိုင်း၊ နေရာတိုင်း

ပြည်သူတို့၏ ဘဝလုံခြုံမှုအပြည့်အဝ ရရှိစေရေးတို့အတွက် အမျိုးသားညီလာခံကြီးတွင် ပြည်သူ့ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများ မျက်မှောက်ဘဝပကတိအခြေအနေမှန်များနှင့် ဆီလျော်အညီညွတ်ဆုံးဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းစေရအောင် ပူးပေါင်းဆောင်ရွက်ခြင်းသည်သာ မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ အမျိုးသားရေး အကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ဖြစ်သည်ဆိုသည်ကို သိမြင်ကြရမည်ဖြစ်ကြောင်း။

တွန်းလှန်ချေမှုန်း

နိဂုံးချုပ်အနေဖြင့် **ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ဆဲကာလတွင် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး အကြောင်းပြချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ဖိအားပေးအကျပ်ကိုင်မှုမှန်သမျှကို ဒို့တာဝန်အရေးသုံးပါးကို အရင်းခံပြီး ပြည်သူ့သဘောထားနှင့်အညီ တွန်းလှန်ချေမှုန်းသွားကြရမည်ဖြစ်ကြောင်း။**

ထို့ကြောင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးတို့အတွက် အခြေခံအကျဆုံး လိုအပ်ချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေးပင်ဖြစ်ကြောင်း၊ ဤဖွဲ့စည်းပုံရေးဆွဲရေးအတွက် အမျိုးသားညီလာခံကြီး၏ လုပ်ငန်းများ၊ ရည်မှန်းချက်များနှင့်အညီ အောင်မြင်စွာဖြစ်ထွန်းလာစေရေးကို အမျိုးသားရေးတာဝန်များအဖြစ်ခံယူကာ မိမိတို့၏ ကျရာအခန်းကဏ္ဍက တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာမောင်မောင်မြင့်က တင်သွင်းရာတွင် နိုင်ငံတိုင်းသည် ရေ၊ မြေ၊ တောတောင်၊ ရာသီဥတု၊ မျိုးရိုးစရိုက်၊ ယဉ်ကျေးမှု၊ ရိုးရာအစဉ်အလာ၊ ပထဝီအနေအထား၊ သမိုင်းကြောင်းနှင့် ဆန္ဒသဘောထား စသည်တို့ချင်း တူညီကြသည်မဟုတ်ကြောင်း၊ နိုင်ငံအလိုက် မိမိတို့သမိုင်းကြောင်း၊ မိမိတို့လူမျိုးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုအစဉ်အလာ၊ ရေ၊ မြေ၊ ရာသီဥတုသဘာဝ၊ နိုင်ငံသားအများစု၏ ဆန္ဒသဘောထားနှင့် ယင်းတို့၏ အကျိုးစီးပွားကိုအခြေခံပြီး လိုက်လျောညီထွေ သင့်တော်မည့် အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းကြကြောင်း။

အခြေခံဥပဒေပေါ်တည်မှီလျက်ရှိ

ယနေ့ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးကို လုံးပန်းလျက်ရှိကြောင်း၊ ဥပဒေသည် ခိုင်မာရမည်ဆိုသဖြင့် အလွန်စိတ်ရှည် သတိထားရမည့်

ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာမောင်မောင်မြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ဒိုက်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသန်းလင်းထွန်း(အငြိမ်းစား)အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ တရားရုံးချုပ်ရှေ့နေ ဦးစိန်လှိုင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အိအိအောင်သိန်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မိုးမိုးခိုင်က ဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်ပပဝင်းက ဆောင်ရွက်သည်။

နိုင်ငံတော်အလံအားအလေးပြု

ရှေးဦးစွာ အခမ်းအနားမှူးက လူထုအစည်းအဝေးကြီး စတင်ကျင်းပကြောင်း ကြေညာပြီး အခမ်းအနားတက်ရောက်လာကြသူ လူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ အမှတ်(၁)အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးစိုးကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတော်တွင် ပြည်သူအများ လိုလားတောင့်တလျက်ရှိသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေးအရ ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါ သမယပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် အမျိုးသားညီလာခံကြီးကို စတင်ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလနှင့် ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံရသူများတို့ပါ ပူးပေါင်းပါဝင်ကာ အမျိုးသားညီလာခံကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း၊ ယင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံကျင်းပနိုင်ရေးအတွက် အများသဘောတူ ဦးတည်ချက်(၆)ရပ် ချမှတ်ခဲ့ကြောင်း။

ဆွေးနွေးရေးဆွဲနေ

အမျိုးသားညီလာခံကြီးတွင် လူထုလူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံတို့မှ ဆန္ဒများကိုသိရှိနိုင်အောင် ကိုယ်စားလှယ်များ ရွေးချယ်ရာ၌ နိုင်ငံရေး

ဆောင်ရွက်လျက်ရှိသည်ကို အားလုံး မျက်ဝါးထင်ထင် တွေ့မြင်ကြမည်ဖြစ်ကြောင်း၊ ထို့အပြင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည့် (WHO)၊ (UNDP)၊ (UNICEF)တို့နှင့်လည်း ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုရရှိလာ၍ပင်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို စိတ်ရှည်စွာဖြင့် ကြိုးပမ်းအားထုတ်မှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်ပေါင်းများစွာတို့သည် တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းအဖွဲ့များသည် ယင်းတို့၏ နယ်မြေဒေသအသီးသီးမှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခင်က ငြိမ်းချမ်းမှုမရှိ၍ တိုးတက်မှုနောက်ကျကျန်ခဲ့သည့် ဒေသများသည် အသီးသီး ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး နေ့ရောညပါ ကြောင့်ကြမရှိသွားလာနိုင်ပြီဖြစ်သကဲ့သို့ နယ်စပ်ကုန်သွယ်ရေးများတွင်လည်း အိမ်နီးချင်းနိုင်ငံတို့နှင့် တိုးတက်ဖြစ်ထွန်းလာခဲ့ကြောင်း။

အခြေခံကောင်းများလိုအပ်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံသည် စစ်မှန်သောဒီမိုကရေစီထွန်းကားရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အခြေခံကောင်းများ ရရှိရန် လိုအပ်ကြောင်း၊ အထူးသဖြင့် လူ့အဖွဲ့အစည်းတွင် အကြမ်းဖက်မှု၊ မင်းမဲ့စရိုက် ဆူပူသောင်းကျန်းမှု၊ ရာဇဝတ်မှု ထူပြောမှုများမရှိစေရန် လွန်စွာအရေးကြီးကြောင်း၊ ပြည်သူတို့ အာဏာပိုင်စိုးရေး အေးချမ်းသာယာစွာဖြင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲတွင် ပါဝင်ဆင်နွှဲနိုင်ရေးနှင့်

လုပ်ငန်းဆောင်ရွက်ချက်ဖြစ်ကြောင်း၊ အနာဂတ်မြန်မာနိုင်ငံ၏ ကောင်းကျိုးဆိုးကျိုးတို့သည် ထိုဖွဲ့စည်းပုံအခြေခံဥပဒေပေါ်တွင် တည်မှီလျက်ရှိနေကြောင်း။

ယခုအခါ ညီလာခံကိုယ်စားလှယ်များသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်က စတင်ကျင်းပလျက်ရှိသော အမျိုးသားညီလာခံတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ဆွေးနွေးညှိနှိုင်းအတည်ပြုခြင်း၊ လွှတ်တော်အချင်းချင်း လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုများအတွက် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ဆွေးနွေးခြင်း၊ တပ်မတော်အခန်းကဏ္ဍနှင့်ပတ်သက်သော အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြမည်ဖြစ်ကြောင်း။

ပြည်သူတို့၏ဘဝလုံခြုံမှုရရှိ

နိုင်ငံတော်သည် ဒီမိုကရေစီထွန်းကားရေး၊ ရေရှည်တည်တံ့ရေးအတွက် အခြေခံကောင်းရန်လိုကြောင်း၊ အထူးသဖြင့် လူ့အဖွဲ့အစည်း၌ အကြမ်းဖက်မှု၊ မင်းမဲ့စရိုက် ဆူပူသောင်းကျန်းမှု၊ ရာဇဝတ်မှု ထူပြောမှုများမရှိရန် လွန်စွာအရေးကြီးလှကြောင်း၊ ပြည်သူတို့ အာဏာပိုင်စိုးရေး၊ အေးချမ်းသာယာစွာဖြင့် လွတ်လပ်၍ တရားမျှတစွာ ရွေးကောက်ပွဲ၌ ပါဝင်ဆင်နွှဲရေးအတွက် ပြည်သူတို့၏ ဘဝတွင် လုံခြုံမှုအပြည့်အဝရရှိရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၀၁ ခုနှစ်တွင် တစ်နိုင်ငံလုံး တစ်နှစ်အတွင်း လူသတ်မှု ၉၁၆ မှုသာရှိသော်လည်း အနောက်ဒီမိုကရေစီအင်အားကြီးနိုင်ငံ၌ လူသတ်မှု ၁၅၉၈၀ အထိလည်းကောင်း၊ ဓားပြမှု မြန်မာနိုင်ငံတွင် ထိုနှစ်က လေးမှုသာ ရှိသော်လည်း ထိုနိုင်ငံကြီး၌ ဓားပြမှု ၆၈၇၂၇ မှုအထိ ဖြစ်ပွားကြောင်း၊ လုယက်မှု မြန်မာနိုင်ငံတွင် တစ်နှစ်လုံး ၃၉ မှုသာရှိသော်လည်း ထိုနိုင်ငံကြီး၌ ၁၂၉၆၁၁၁၆ မှုအထိ များပြားကြောင်း၊ ထိုစာရင်းဇယားများသည် နိုင်ငံအသီးသီး၏ လူသိရှင်ကြား ထုတ်ပြန်ကြေညာချက်များပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌

စာမျက်နှာ ၁၂ ကော်လံ ၁

စာမျက်နှာ ၁၁ မှ

အမှုကြီး ၁၀ မျိုးမှာ တစ်နှစ်အတွင်း ၈၅၁၀ သာဖြစ်သော်လည်း ထိုနိုင်ငံကြီး၌ ၁၄၈၇၂၈၈၃ အထိ မြင့်မားလျက်ရှိကြောင်း၊ စင်စစ် ထိုနိုင်ငံသည် မြန်မာနိုင်ငံလူဦးရေထက် ခြောက်ဆခန့်သာ ပိုမိုကြီးမားသော်လည်း ရာဇဝတ်မှု ထုပြောခြင်းမှာ အထက်ပါအတိုင်း အဆပေါင်း ရာထောင်ချီ၍ ရှိလေသည်မှာ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဘဝလုံခြုံအေးချမ်းရေး အခြေအနေကောင်းမွန်မှုကို လက်တွေ့ဖော်ပြလျက်ရှိကြောင်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်အင်အား ၁၀၀ ကျော်သည် အမျိုးသားညီလာခံတွင် တက်ရောက်လျက် ကျန်နိုင်ငံရေးပါတီများ၊ လူထုလူတန်းစားအသီးသီးမှ ကိုယ်စားလှယ်များနှင့်အတူ လက်ရည်တစ်ပြင်တည်း နိုးကြားတက်ကြွစွာ ပါဝင်ဆွေးနွေးပြီး အကြံပြုစာတမ်းများ ရေးသား၍ စုံညီအစည်းအဝေးများ၌ ဖတ်ကြားနေကြသည်ကို တွေ့မြင်နေကြပြီဖြစ်ကြောင်း။

နိုင်ငံရေးလမ်းပြမြေပုံ

အမျိုးသားညီလာခံနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ၂၀၀၃ ခုနှစ်တွင် ကြေညာခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ပါ နိုင်ငံရေးလမ်းပြမြေပုံသည် မြန်မာနိုင်ငံအား ဒီမိုကရေစီလမ်းကြောင်းသို့ ဦးတည်ပေးမည့် အဆင့်ဆင့်သော လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံ ကျင်းပရာတွင် အခြေခံဥပဒေသစ်ရေးဆွဲရန်အတွက် လိုအပ်သည့် အခြေခံမူနှင့်

မြန်မာနိုင်ငံဆရာဝန်များအသင်း ပဲခူးတိုင်းမှ ဆေးပညာဘာသာရပ် ဆိုင်ရာ တိုင်းအထူးကုဆရာဝန်ကြီး ဒေါက်တာ ရီရီ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကိုထောက်ခံဆွေးနွေးတင်ပြစဉ်။(သတင်းစဉ်)

အသေးစိတ်အခြေခံရမည့်မူများရရှိအောင် အမျိုးသားညီလာခံကြီးမှ ဆောင်ရွက်နေကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးဆုံး၍ လုပ်ငန်းစဉ်များအား တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ပြီးစီးပါက ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်ရရှိလာမည်ဖြစ်ကြောင်း။

အသက်မရှိလျှင် သေသည်ဟု လူ့လောကက ပြောဆိုကြကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံမရှိလျှင် နိုင်ငံသည် အသက်မရှင်နိုင်၊ သေသည်နှင့်အတူတူပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရှိမှ လူမှုစီးပွားဘဝတိုးတက်ရေးကိုလည်း အခြေခံဥပဒေနှင့်အညီ လိုအပ်သကဲ့သို့ အလျင်အမြန် ပြောင်းလဲလုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အသက်ဟု မှတ်ယူရမည်ဖြစ်ကြောင်း။

လက်တွဲဝန်းရံပေး

မိမိအနေဖြင့် နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ နိုင်ငံတော်ကို ခိုင်မာတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရန် ဆောင်ရွက်ကြရာတွင် အဓိကလိုအပ်သော ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးအား ပြည်သူတစ်ရပ်လုံးက ရဲဝံ့ပြတ်သားစွာဖြင့် ညီညာစွာ ကူညီဆောင်ရွက်ကြရန်၊ ကာကွယ်ကြရန် အထူးလိုအပ်ကြောင်း၊ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အကျိုး၊ မိမိတို့၏ သားသမီး၊ မြေးမြစ် စသည့် မျိုးဆက်သစ်လူငယ်များ၏ အကျိုးဖြစ်သောကြောင့် မိမိတို့ ပြည်သူလူထုတစ်ရပ်လုံးက လက်တွဲဝန်းရံပေးကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံ အောင်မြင်ရန် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ ကူညီဆောင်ရွက်ရေး"**အဆိုကို အလေးအနက် တင်သွင်းအပ်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အိအိအောင်သိန်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်သည် ၁၉၉၃ခုနှစ် ဇန်နဝါရီ၉ရက်မှစ၍ ပြည်ထောင်စုရေရှည်တည်တံ့ရေးကို အာမခံနိုင်မည့် အမျိုးသားညီလာခံကို ကျင်းပနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရန်အတွက် အခြေခံမူ(၁၀၄)ချက်ကို ချမှတ်နိုင်ခဲ့ကြောင်း၊ ၁၉၉၅ခုနှစ် နိုဝင်ဘာ၂၅ရက်မှ ၁၉၉၆ခုနှစ် မတ်၃၀ရက်အထိ ကျင်းပခဲ့သော အမျိုးသားညီလာခံက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ကြောင်း၊ ၂၀၀၄ခုနှစ်တွင် ကျင်းပသော အမျိုးသားညီလာခံကြီး၏ ပထမအကြိမ်အစည်းအဝေး၌ ဗဟိုအစိုးရနှင့် ပြည်နယ်၊ တိုင်းဒေသကြီးများအကြား အာဏာခွဲဝေမှုကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဗဟိုဦးစီးစနစ်ပုံစံမှ ပြည်ထောင်စုအစိုးရပုံစံကို ပြောင်းလဲရန်ဖြစ်သည့်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဥပဒေပြုအဖွဲ့၊ စီမံအုပ်ချုပ်မှုအဖွဲ့များ သီးခြားထူထောင်ထားရှိမည်ဖြစ်ကြောင်း၊ ကျယ်ပြန့်နက်နဲ သိမ်မွေ့သော်လည်း အမျိုးသားညီလာခံ၏ ပထမအကြိမ်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၇ရက်မှ မတ်၃၁ရက်အထိကျင်းပသော ညီလာခံကြီးတွင် ဥပဒေပြုရေးအပိုင်းကို တညီတညွတ်တည်း အတည်ပြုခြင်းနှင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများကို ချမှတ်နိုင်ခဲ့ကြောင်း။

သင်တန်းများပေးဆောင်ရွက်

မြန်မာနိုင်ငံတွင် အမျိုးသမီးများကို အကြမ်းဖက်မှု၊ လူကုန်ကူးခံရမှုတို့မှ ကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းများအဖြစ် နယ်စပ်ဒေသများအထိ သွားရောက်ပြီး ပညာပေးဟောပြောမှုများ ပြုလုပ်ပေးခြင်း၊ သုတေသနစစ်တမ်းများကောက်ယူခြင်း၊ ပညာပေးဓာတ်လမ်းများ ထုတ်လွှင့်ပြသပေးခြင်း၊ လူမှောင်ခိုပွဲစားများအား ထိရောက်သောပြစ်ဒဏ်များ ချမှတ်ပေးစေခြင်း၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်ပြီး နွေးထွေးစွာ ကြိုဆိုခြင်း၊ မိဘရပ်ထံစနစ်တကျ ပြန်လည်ပို့ဆောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာနှင့် အလုပ်အကိုင်များစီစဉ်ပေးခြင်းတို့ကို သင်တန်းများပေးပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြောင်းလဲကျင့်သုံးနိုင်

အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်များ၏အကြံဉာဏ်ကောင်းများရယူပြီး အလေးအနက်ညှိနှိုင်းတိုင်ပင်ကာ နိုင်ငံရေးစနစ်ကို ပါတီစုံစနစ်သို့လည်းကောင်း၊ စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်သို့လည်းကောင်း ရွေးရှုပြီး လူမှုရေးစနစ်နှင့် အုပ်ချုပ်ရေးစနစ်တို့ကိုလည်း နိုင်ငံရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်အတွက် ပြည်သူများကိုယ်စား အခြေခံဥပဒေကိုမွေးဖွားပေးမည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့် အခြေခံဥပဒေနှင့်အတူ ပြည်သူတို့လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ညီလာခံကြီးပျက်စီးရာပျက်စီးကြောင်းကြံဆောင်နေကြသည့် အဆိုးမြင်ဝါဒီများ၊ အမျိုးသားရေးကိုဆန့်ကျင်နေသူများအား ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းတွန်းလှန်သွားကြရမည်ဖြစ်သကဲ့သို့

ပဲခူးမြို့နယ် တိုင်းရင်းဆေးသမားတော်များအဖွဲ့ဝင် တိုင်းရင်းဆေး လုပ်ငန်းရှင် ဒေါ်စန်းစန်းမြင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကိုထောက်ခံဆွေးနွေးတင်ပြစဉ်။(သတင်းစဉ်)

အနာဂတ်နိုင်ငံတော်ရေရှည်တည်တံ့နိုင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍကနေ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်၊ ပြည်သူများအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် ကျင်းပလျက်ရှိသောအမျိုးသားရေးညီလာခံကြီး၏ အောင်မြင်ခြင်းနှင့်အတူ ပေါ်ပေါက်လာတော့မည်ဖြစ်သည့်အတွက် အဆိုရှင်တင်သွင်းသွားသည့် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံအောင်မြင်ရန် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ ကူညီဆောင်ရွက်ရေး"**အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ဒိုက်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးသန်းလင်းထွန်း(အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် ထိုသို့နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်ခဲ့သကဲ့သို့ ပြည်တွင်းရှိ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပတ်ဝန်းကျင်နိုင်ငံများ၊ ဒေသဆိုင်ရာနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ၊ အာဆီယံ၊ ဘင်းမ်စတက်၊ ဂျီအမ်အက်စ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အခါတွင် တပ်မတော်အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်နေသည်ကို အားလုံးတွေ့မြင်ကြရမည်ဖြစ်ကြောင်း။

လုံခြုံရေးအတွက် စိတ်ချရမည်

နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးနှင့် လုံခြုံရေးတို့သည် အသက်တမျှအရေးကြီးကြောင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးအင်အား ချို့တဲ့လျှင် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကိုခံရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် လုံခြုံမှုရှိမှသာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ခေတ်မီပြီး ကာကွယ်ရေးအင်အားတောင့်တင်းသည့် တပ်မတော်ရှိမှသာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် စိတ်ချရမည်ဖြစ်ကြောင်း။

အတိတ်သမိုင်းကြောင်းများ၏ ခါးသီးသော အတွေ့အကြုံများကို သင်ခန်းစာယူပြီး ပြည်တွင်းပြည်ပ ခြိမ်းခြောက်မှုအန္တရာယ်များ၊ ကျူးကျော်မှုအန္တရာယ်များကို ကာကွယ်ရန်နှင့် နိုင်ငံတော်လုံခြုံမှုရှိရန် တပ်မတော်က အဓိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုကျင်းပနေသည့် အမျိုးသားညီလာခံကလည်း မိမိနိုင်ငံကို အခြားသူများ၏ ကျူးကျော်တိုက်ခိုက်ခြင်း မပြုနိုင်အောင် ကာကွယ်ရန်အတွက် အင်အားတောင့်တင်းပြီး ခေတ်မီသည့် တစ်ခုတည်းသော တပ်မတော်အဖြစ်ထားရှိရန် အခြေခံမူများချမှတ်ထားကြောင်း။

အောင်မြင်စွာရေးဆွဲနိုင်မည်

ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးအောင်မြင်စွာ ပြီးဆုံးသွားပါမှ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း အောင်မြင်စွာရေးဆွဲနိုင်မည်ဖြစ်ကြောင်း၊ အခြေခံဥပဒေဖြစ်ပေါ်လာပါမှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်ဥပဒေကို ကိုယ်ပိုင်ပြဋ္ဌာန်းပြီး ကျင့်သုံးနိုင်ကြောင်း၊ ထိုအခါမှ နိုင်ငံတော်သည် တည်ငြိမ်ခြင်း၊ ဖွံ့ဖြိုးခြင်း၊ ခိုင်မာတောင့်တင်းခြင်းတို့နှင့် ဖြစ်ပေါ်ခံစားရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၏ မှန်ကန်သော မူဝါဒ၊ ရိုးသားဖြောင့်မတ်ဖြူစင်သည့် စေတနာမေတ္တာတို့ကိုသိမြင်ထောက်ထားပြီး အများလိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ ဥမကွဲ သိုက်မပျက် တည်တံ့ခိုင်မြဲရေးတို့အတွက် ဆက်လက်ပြီး အားသွန်ခွန်စိုက်လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း သည့် အဆိုကို ပဲခူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက် အတွင်းရေးမှူး ဒေါက်တာခင်မာဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့နိုင်ငံတွင် ၁၉၉၀ ပြည့်နှစ် မေလမတိုင်မီကပင် နိုင်ငံတော်သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရန် လိုအပ်ပုံကို ကမ္ဘာသိ ရှင်းလင်းတင်ပြခဲ့ကြောင်း။

အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ အကြိမ်ပေါင်းခြောက်ကြိမ် ကျင်းပခဲ့ပြီး အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူ(၁၀၄)ချက်ကို အတည်ပြုချမှတ်နိုင်ခဲ့ကြောင်း။

ပိုမိုပြည့်စုံကောင်းမွန်လာ

အခြေခံမူ(၁၀၄)ချက်တွင် မိမိတို့ မိခင်၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် စပ်လျဉ်းသော မူသီးသန့်ပါဝင်ခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊

ပဲခူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်မာဝင်း အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

အဆိုပါမူတွင် နိုင်ငံတော်သည် မိခင်၊ ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်မည်ဟု ဖော်ပြထားခြင်းကြောင့် မိခင်၊ ကလေး၊ မသန်စွမ်းသူများအတွက် ဝမ်းသာအားရကြောင်းနှင့် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံဥပဒေတွင် မိခင်၊ ကလေး၊ မသန်စွမ်းသူများကို ကာကွယ်စောင့်ရှောက်မည့် ဥပဒေပိုင်းဆိုင်ရာများလည်း ပါဝင်လာမည်ဖြစ်၍ အနာဂတ်မိခင်ကလေးများအတွက် ပိုမိုပြည့်စုံကောင်းမွန်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ကြိုးစားလုပ်ဆောင်နေ

ယခုအခါတွင် ဖွံ့ဖြိုးပြီးနိုင်ငံအချို့သည် မီဒီယာကို လက်နက်သဖွယ်အသုံးပြုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ၎င်းတို့၏ဩဇာလွှမ်းမိုးလာအောင် သိုင်းဝိုင်းထိုးဖောက်နေသည်ကိုတွေ့ကြရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အကြောင်းအမျိုးမျိုးပြပြီး စစ်ရေးအရကျူးကျော်မှုများလုပ်ဆောင်နေသကဲ့သို့ အချို့သောနိုင်ငံများအပေါ်တွင် Spiritual Colonialism ခေါ်သည့် စိတ်ဓာတ်ရေးရာ ကျွန်ပြုမှုဖြင့် မီဒီယာလက်နက်ကိုသုံးပြီး ကျူးကျော်လွှမ်းမိုးရန် ကြိုးစားလုပ်ဆောင်နေကြသည်များကို မိမိတို့အနေဖြင့် သတိပြုကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သည် လက်ရှိကာလတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကောင်းများရရှိနေပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ပထမအဆင့် အခြေခံအကျဆုံး အမျိုးသားညီလာခံကြီးကိုကျင်းပလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ၅၄ သန်းခန့်ရှိသော မိမိတို့မြန်မာပြည်သူလူထု၏ မျှော်မှန်းချက်လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်တော့မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ရန်ကုန်မြို့ ညောင်နှစ်ပင်စခန်း၌ နိုင်ငံတော်၏ တစ်နံတစ်လျားက သွေးရင်းသားရင်း ညီရင်းအစ်ကို မောင်ရင်းနှမများ၏ စည်းလုံးညီညွတ်မှုစိတ်ဓာတ်များဖြင့် ကိုယ်စားလှယ်တော်ကြီးများ တက်ရောက်ပြီး နိုင်ငံတော်၏အနာဂတ်အရေးအတွက် စုပေါင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းနေပြီဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့၏ အသက်သွေးတမျှအရေးကြီးလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲမည့် အမျိုးသားညီလာခံကြီးကို မိမိတို့ပြည်သူတစ်ရပ်လုံးက အလေးအနက်ထား လေးစားပါကြောင်းနှင့် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံအောင်မြင်ရန် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ ကူညီဆောင်ရွက်ရေး"**အဆိုကို ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မြန်မာနိုင်ငံဆရာဝန်အသင်း ပဲခူးတိုင်းမှ ဆေးပညာဘာသာရပ်ဆိုင်ရာ တိုင်းအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ရီရီက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယခုတပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ကိုရယူခဲ့ပြီးနောက် အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်တို့နှင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ၊ အောင်မြင်မှုရလဒ်များ ဖြစ်ထွန်းနေသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ဖြစ်ကြောင်း။ ***စာမျက်နှာ ၁၃ ကော်လံ ၁ သို့***

11-1 (12).p65 1 3/26/1905, 1:15 AM

စာမျက်နှာ ၁၂ မှ

နိုင်ငံတော်သည် စနစ်ဟောင်းမှ စနစ်သစ်သို့ ညင်သာစွာကူးပြောင်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံများ ခိုင်မာပြည့်စုံရေးသည် အရေးကြီးလှကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဆောင်ရွက်နေချိန်တွင် နိုင်ငံရေးအရ ဖိအားပေးမှု၊ စီးပွားရေးအရ ပိတ်ဆို့မှု၊ စွပ်စွဲလုပ်ကြံမှုများ ရင်ဆိုင်နေရသည့်တိုင်အောင် ကိုယ့်ခွန်၊ ကိုယ့်အားအခြေခံပြီး ဖိဖိစီးစီး လုပ်ဆောင်နိုင်ခဲ့၍ ယခုအခါတွင် အောင်မြင်မှု အသီးအပွင့်များ ခံစားနေကြရပြီဖြစ်ကြောင်း။

နိဂုံးချုပ်ပြောကြားလိုသည်မှာ ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီးတွင် အလွှာစုံ၊ နယ်ပယ်စုံကို ကိုယ်စားပြုပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်ကြီးများသည် သမိုင်းတွင်ရစ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းတိုင်ပင် ဆွေးနွေးနေပြီဖြစ်ကြောင်း၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများသည် အနာဂတ်နိုင်ငံတော်ကိုတည်ဆောက်ရာတွင် အခြေခံကောင်းရရှိနိုင်ရန် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် မိမိတို့၏ ကိုယ်ရေးကိုယ်တာ လုပ်ငန်းဆောင်တာများကို စွန့်လွှတ်ပြီး အားကြိုးမာန်တက် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံအောင်မြင်ရန် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍမှ ကူညီဆောင်ရွက်ရေး"**အဆိုကို ပြည်သူလူထုကြီးနှင့်အတူ လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ပဲခူးမြို့နယ် တိုင်းရင်းဆေးသမားတော်များအဖွဲ့ဝင် တိုင်းရင်းဆေးလုပ်ငန်းရှင် ဒေါ်စန်းစန်းမြင့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် မားမားမတ်မတ် ရပ်တည်နိုင်ရန်အတွက် လူဦးရေ၊ နိုင်ငံနယ်နိမိတ်၊ နိုင်ငံတော်အစိုးရ၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုဆိုသည့် အင်္ဂါကြီးလေးရပ်နှင့်ပြည့်စုံရန် လိုအပ်ကြောင်း၊ ယနေ့မြန်မာနိုင်ငံတွင် ကိုယ်ပိုင်နိုင်ငံသား၊ ကိုယ်ပိုင်နယ်နိမိတ်၊ ကိုယ်ပိုင်အစိုးရနှင့် ကိုယ်ပိုင်အချုပ်အခြာအာဏာတို့ ပိုင်ဆိုင်သည့်အတွက် ဥပဓိရုပ်ပြည့်စုံသော နိုင်ငံအဖြစ် တည်ရှိနေကြောင်း။

နိုင်ငံတစ်ခု၏ အခြေခံဥပဒေကို ပြင်ပနိုင်ငံများက ဝင်ရောက်ရေးဆွဲပေးခြင်းမျိုးသည်လည်း သဘာဝမကျသကဲ့သို့ လက်ခံနိုင်စရာလည်း မရှိကြောင်း၊ မိမိသဘော၊ မိမိဆန္ဒ၊ မိမိလူမျိုး၊ မိမိသမိုင်းကြောင်းတို့နှင့်သာ ကိုက်ညီသော အခြေခံဥပဒေကို မိမိနိုင်ငံသားတို့ဖြင့်သာ ရေးဆွဲခြင်းသည် အမှန်ကန်ဆုံး ဖြစ်မည်ဖြစ်ကြောင်း။

ယခုကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် အချုပ်အခြာအာဏာ ပိုင်းခြားခွဲဝေမှု၊ နိုင်ငံဖွဲ့စည်းတည်ဆောက်မှု၊ နိုင်ငံသားတို့ တာဝန်ဝတ္တရားနှင့် အခွင့်အရေး၊ နိုင်ငံပိုင်သယံဇာတများ စီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်၊ အမျိုးသားသီချင်း၊ အခြေခံဥပဒေပြင်ဆင်ခွင့်များကို အသေးစိတ်အခြေခံမူ ချမှတ်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ ယင်းအခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်ရှုမြင်နိုင်မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါ ပြည်တွင်းပြည်ပမှ စွက်ဖက်မှုများ၊ သပ်လျှိုသွေးခွဲမှုများ၊ ပယောဂများကြောင့် အယူအဆ၊ အယူဝါဒများကွဲပြားပြီး ပဋိပက္ခများဖြစ်ပေါ်လာနိုင်ကြောင်း၊ မမှန်ကန်သောနည်းဖြင့်ဖြစ်စေ၊ ဖြတ်လမ်းနည်းဖြင့်ဖြစ်စေ အာဏာကိုရယူပြီး ၎င်းတို့၏ဆန္ဒဖြင့် အခြေခံဥပဒေကို ရေးဆွဲမည်ဆိုလျှင် ယင်းဥပဒေသည် ခိုင်မာမှုမရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ခိုင်မာမှုမရှိသော နိုင်ငံများတွင် ပြည်တွင်းစစ်များ၊ ပြည်ပကျူးကျော်စွက်ဖက်မှုများကြောင့် နိုင်ငံအတွင်း အနိဋ္ဌာရုံများ၊ သွေးချောင်းစီးမှုများကို ကမ္ဘာ့နိုင်ငံများတွင် မကြာခဏကြုံတွေ့နေရကြောင်း။

ထို့ကြောင့် ယခုကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည်သာ ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒကို ထင်ဟပ်စေခြင်း အမှန်ပင်ဖြစ်ကြောင်း၊ အမျိုးသားရေးအနှစ်သာရကို ဖော်ဆောင်ကြောင်း၊ တိုင်းကျိုးပြည်ပြု မွန်မြတ်သောလုပ်ငန်းစဉ်ကြီးလည်းဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံ၊ ပါတီပေါင်းစုံတို့ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပန္နက်ရိုက်အုတ်မြစ်ချနေခြင်းပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် အမျိုးသားညီလာခံကြီးကို ကျင်းပနေစဉ်တွင် နိုင်ငံနှင့်အဝန်းရှိ ပြည်သူများအနေဖြင့် ဝမ်းပန်းတသာဖြင့် ဂုဏ်ပြုကြိုဆိုနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ယင်းတို့သည် အမျိုးသားညီလာခံကျင်းပခြင်း၏ စစ်မှန်ခြင်း၊ တရားမျှတခြင်းနှင့် ပြည်သူအများလိုလားခြင်းတို့ဖြစ်သည်ဆိုသည်ကို သက်သေထင်ရှားပြသလျက်ရှိကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးကို ကြန့်ကြာအောင်၊ ပျက်စီးအောင် အနှောင့်အယှက်ပြုမည်၊ ဟန့်တားမည်ဆိုလျှင် အခြေခံဥပဒေပေါ်ထွန်းရေး၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်နိုင်သည့်အတွက်ကြောင့် အမျိုးသားညီလာခံကြီးကို ဖျက်ဆီးမှုမှန်သမျှအား ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ချေမှုန်းတိုက်ဖျက်သွားမည်ဖြစ်ကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တရားရုံးချုပ်ရှေ့နေ ဦးစိန်လှိုင်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့နိုင်ငံတွင် ကျင့်သုံးခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် ယခုအခါ ပျက်သုဉ်းသွားပြီးဖြစ်သည့်အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရေးသည် တစ်မျိုးသားလုံးက လိုလားတောင့်တနေသည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် ပါဝင်ဆွေးနွေးကြသည့် ကိုယ်စားလှယ်ဦးရေ ၁၀၀၀ ကျော်၌ ဘွဲ့လွန် ၉၉ ဦး၊ ဘွဲ့ရ ၅၁၄ ဦးတို့ ပါဝင်သည်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်၏ရှေ့ရေးအတွက် အားထားရမည့်ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကို တွေ့မြင်ကြရတော့မည်ဖြစ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်း၊ ပါတီအဖွဲ့အစည်းများမှ ကြိုးပမ်းအားထုတ်နေမှုကြောင့် အားတက်ဝမ်းမြောက်ဖွယ်ရာလည်း ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အမျိုးသားရေး အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုအခါတွင် အခြေခံမူ(၁၀၄)ချက်ကို ချမှတ်ထားနိုင်ခဲ့ပြီးဖြစ်ကြောင်း။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက် သယံဇာတကဏ္ဍ

တပ်မတော်အစိုးရလက်ထက် သတ္တုတွင်းထွက် သယံဇာတများတိုးတက်ထွက်ရှိ

ကျောက်မျက်ရတနာလုပ်ကွက်များ ဖော်ထုတ်၊ တွင်းထွက်သယံဇာတများ တိုးတက်ထွက်ရှိ

သတ္တုတွင်းထွက် သယံဇာတများသည် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက် အကူပြုလျက် ရှိသည်။ တပ်မတော်အစိုးရ လက်ထက်တွင် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမှု၊ ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ ကျင့်သုံး ဖော်ဆောင်နိုင်မှုတို့ကြောင့် သတ္တုတွင်းထွက်သယံဇာတများ နှစ်စဉ် တိုးတက်ထွက်ရှိလျက်ရှိသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များသည် နိုင်ငံတော်နှင့် ပူးပေါင်း၍ ကျောက်မျက်ရတနာလုပ်ကွက်များ ဖော်ထုတ်လုပ်ကိုင်လာခဲ့ကြသဖြင့် ကျောက်မျက်ရတနာများ နှစ်စဉ် တိုးတက်ထွက်ရှိလာလျက်ရှိသည်။ နိုင်ငံတော်ကလည်း မြန်မာ့ကျောက်မျက်ရတနာ ဈေးကွက်ကို ၁၂ရာသီ ပေါ်ထွက်လာစေရန် အားပေးကူညီပံ့ပိုးပေးလျက်ရှိသည်။

ထွက်ရှိလာသော ကျောက်မျက်ရတနာများကို မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နှစ်စဉ် ခင်းကျင်းပြသ၍ ရောင်းချပေးလျက်ရှိရာ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ လာရောက်ကြည့်ရှု ဝယ်ယူအားပေးလျက်ရှိသည်။

တပ်မတော်အစိုးရလက်ထက်တွင် တိုးတက်ဖော်ထုတ် လုပ်ကိုင်လျက်ရှိသော ကျောက်မျက်ရတနာလုပ်ကွက်များနှင့် ကျောက်မျက်ရတနာ ပြပွဲခင်းကျင်းပြသရောင်းချရမှုမှ တိုးတက်ရရှိလာသော နိုင်ငံခြားဝင်ငွေများကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

ပြည်တွင်းမှထွက်ရှိလာသော ကျောက်မျက်ရတနာများကို မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နှစ်စဉ်ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိရာ ခင်းကျင်းပြသထားသော အဖိုးတန်ကျောက်မျက်ရတနာများကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

တိုးတက်ပေါ်ထွက်လာသော ကျောက်မျက်လုပ်ကွက်များနှင့်ကျောက်မျက်ရတနာများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	**ကျောက်မျက်လုပ်ကွက်**	**၈**	**၆၃၅**	**၆၂၇**
၂	ကျောက်မျက်ထွက်ရှိမှု(ကရက် ထောင်ပေါင်း)	၁၂၆	၆၁၂၃၂	၆၁၁၀၆
၃	**ကျောက်စိမ်းလုပ်ကွက်**	**၃**	**၁၂၀၂**	**၁၁၉၉**
၄	ကျောက်စိမ်းထွက်ရှိမှု(ကီလိုထောင်ပေါင်း)	၁၃၀	၁၄၄၃၆	၁၄၃၀၆
၅	**ပုလဲစခန်း**	**၂**	**၉**	**၇**
၆	ပုလဲထွက်ရှိမှု(မိုမီ)	၈၄၈၈	၁၂၄၂၀၇	၁၁၅၇၁၉

စာမျက်နှာ ၁၀ မှ

အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို မွန်းလွဲ၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှုက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးနှင့် မြို့(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

အထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၃ ဦးရှိသည့်အနက် ၁၂ဦးတက်ရောက်သည့်အတွက် တက်ရောက်မှု ရာခိုင်နှုန်း ၉၂ ဒသမ ၃၀ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့်သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှုက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့် တပ်မတော်အခန်းကဏ္ဍတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက စာတမ်းပြုစုတင်ပြရန်ကိစ္စနှင့် စာတမ်း တင်သွင်းမည့် နေ့ရက်တို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းလိုက်သည်။

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးမြစိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ်တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါး ဇုတ်ဒေါင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးတို့က ဆောင်ရွက်ကြသည်။

ကြေညာ

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၄၄ ဦးရှိသည့်အနက် ၆၃၅ ဦး တက်ရောက်သည့်အတွက် တက်ရောက်မှု ရာခိုင်နှုန်း ၉၈ ဒသမ ၆၀ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ မန္တလေးတိုင်းမှ ဦးမြစိန်က အဖွင့်အမှာစကား ပြောကြားသည်။

ညှိနှိုင်း

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့် တပ်မတော်အခန်းကဏ္ဍတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းပြုစုရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ယခုကျင်းပနေသည့် အမျိုးသားညီလာခံတွင် ရေးဆွဲနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့်ပတ်သက်၍ ပြည်ထောင်စုစနစ်ကို ကျင့်သုံးမည်ဖြစ်သည်ဆိုသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပြည်နယ် ခုနစ်ခု၊ တိုင်း ခုနစ်ခုကို တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ် ခုနစ်ခုအဖြစ် အဆင့်အတန်းတူညီစွာ ဖွဲ့စည်းထားကြောင်း၊ ထို့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် သင့်တင့်သောလူဦးရေရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများပါ သတ်မှတ်ပေးထားကြောင်း၊ ယင်းတိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားတို့သည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရဆိုပြီး စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထားသည့်အတွက် နှစ်ထောင်းအားရဂုဏ်ယူဖွယ် တွေ့ရှိရကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးသည် အလွန်အရေးကြီးကြောင်း၊ အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများ ကျင်းပပြီး ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ထွက်လာမှ ပြည်သူ့လွှတ်တော်ကို တရားဝင် ဖွဲ့စည်းဆောင်ရွက်ခြင်းသည် တရားမျှတ မှန်ကန်မှုဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် ဟန့်တားနှောင့်ယှက်နေခြင်းများသည် အဖျက်လုပ်ငန်းများဖြစ်သကဲ့သို့ ပြည်သူတို့၏ ဝိုင်းပယ်ခံရမှု နိုင်ငံရေး၊ စည်းရုံးရေးများ ကျဆင်းလာမှုတို့နှင့်အတူ ပြည်ပ နယ်ချဲ့အားကိုးလမ်းကြောင်းပေါ်တွင် ကျဆုံးသွားမည် အမှန်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုရှင်၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ရှေးရှုဆောင်ရွက်နေသော အမျိုးသားညီလာခံအောင်မြင်ရန် ပြည်သူအားလုံးက ကျရာအခန်းကဏ္ဍက ကူညီဆောင်ရွက်ရေးအဆိုကို ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ယင်းနောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၉ နာရီတွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စုစည်းတည်ရှိရာ ပုဂံမြေ

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

"ရှေးဖျားပုဂံပြည်မှာဖြင့်
မြန်မာတစ်တွေမှာ ရတနာရွှေငွေအပေါင်းငှဲပြင်
မင်းကောင်းနော်ရထာတဲ့
မော်စရာ ဟိုတစ်ခေတ်ဖြင့်
ဉာဏ်သစ်ကာ တရှင်ရှင်နဲ့
ဘဝင်မှာ အမြင့်မှန်းကာပ့ါ
တမ်းတ၍ ကြည်ညိုပါ။"

(ဆရာဇော်ဂျီ)

သမိုင်းမှန်လျှင် နှံ့နစ်၍ မရနိုင်ပါ။ သမိုင်းသည် လူမျိုးတို့၏ ယဉ်ကျေးမှုဂုဏ်သိက္ခာဖြစ်ပါသည်။ လူမျိုးတို့၏ တန်ဖိုးလည်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် သမိုင်းဝင် သမိုင်းတင်ခေတ်ဦးဖြစ်သော အေဒီ၁ရာစုမှ၉ရာစုအထိ တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း ဟူ၍ ရှေးဟောင်းမြို့ပြများထွန်းကားကြီးကျယ် တန်ခိုးကြွယ်ခဲ့သည်။ အေဒီ၉ရာစုနှောင်းပိုင်း ပျူဘုရင်သုပညာနဂရဇိန်ဒမင်း၏ တူတော် ပျူမင်းသားသမုဒ္ဒရာဇ်သည် ပုဂံနေပြည်တော်ကို တည်ဆောက်ခဲ့ပါသည်။

ပျူသူရဲကောင်း ပျူစောထီးမင်းက အေးချမ်းငြိမ်သက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်ခဲ့ပါသည်။ ပုဂံအစ နေထိုင်လာခဲ့ကြသော ပျူလူမျိုးများသည် မြန်မာလူမျိုးများအဖြစ် အသွင်သဏ္ဍာန်ကူးပြောင်း၍ ခံယူကြပြီး ပျူအက္ခရာကို မြန်မာအက္ခရာအဖြစ် ကူးပြောင်းရေးဆွဲလိုက်သောအခါ ပုဂံသည် မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှု၏ ခေတ်ဦးဖြစ်လာခဲ့သည်။ ရှေးဟောင်းပုဂံမြေသည် မြန်မာတို့၏ ခေတ်ဦး၊ ခေတ်ထူး ဖြစ်လာခဲ့ပါတော့သည်။

ပထမမြန်မာနိုင်ငံတော် စတင်တည်ထောင်ခဲ့သော သီရိအနုရုဒ္ဓဝေဒခေါ် အနော်ရထာမင်း (အေဒီ ၁၀၄၄-၁၀၇၇) လက်ထက်တွင် ရှင်အရဟံမထေရ်မြတ် ပုဂံသို့ကြွရောက်လာပြီး သာသနာပြုတော်မူသောကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာရောင် အလွန်ပင် ထွန်းတောက်ခဲ့ပါသည်။

ထိုခေတ်တွင် ထေရဝါဒ ဗုဒ္ဓသာသနာ၏အစဖြစ်သော ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့ကြောင်း၊ ထိုခေတ်ကာလ၌ ပေါ်ထွန်းခဲ့သည့် ရှေးဟောင်းသာသနိက အဆောက်အအုံများ၊ အုတ်ခွက်ဘုရားများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ပဋိစ္စသမုပ္ပါဒ်တရားတော်ရေးထွင်းထားသော ရွှေပေချပ်အထောက်အထားများအရ သိရှိရသည်။

"မြန်မာမှန်လျှင် ပုဂံရောက်ဖူးရမည်"ဟူသော ဆိုရိုးစကားသည် မြန်မာ့ယဉ်ကျေးမှု အနုပညာနှင့်စပ်လျဉ်း၍ ပုဂံဒေသ၏ အဓိကကျပုံကို ညွှန်းဆိုခြင်းဖြစ်ပါသည်။ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုအကြောင်း ရှာဖွေဖော်ထုတ်မှတ်တမ်းတင်မည်ဆိုပါက ပုဂံဒေသသည် အဓိကဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများနှင့် မြန်မာမှုပန်း ၁၀မျိုး အနုပညာလက်ရာများကို တစ်နေရာတည်းတွင် တစုတစည်းတည်း လေ့လာခံစားနိုင်သော ပုဂံဒေသသည် ယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာနယ်ပယ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဆင့်သို့ပင် ထင်ပေါ်ကျော်ကြားလျက်ရှိပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် မန္တလေးတိုင်း ပုဂံ-ညောင်ဦးမြို့သို့ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၇ရက်တွင် ရောက်ရှိခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နန်းမြင့်မျှော်စင် ဒုတိယထပ် ရုပ်ရှင်ခန်းမ၌ လမ်းညွှန်မှာကြားရာတွင်-

"နိုင်ငံခြားခရီးသည်များအတွက် နန်းမြင့်မျှော်စင် မြန်မာမှု လက်ရာအမှတ်တရပစ္စည်းများကို တီထွင်ကြံဆ ရောင်းချရန်နှင့် နန်းမြင့် မျှော်စင် ပတ်ဝန်းကျင်တစ်ခုလုံး၌ ရာသီအလိုက်ဖူးပွင့်နေမည့် ရောင်စုံ ပန်းမာလာများကို စနစ်တကျစိုက်ပျိုးထားရှိရန်"

လမ်းညွှန်မှာကြားခဲ့ပါသည်။

နန်းမြင့်မျှော်စင်ကို အမြင့် ၁၉၈ပေ၊ အကျယ် ၅၄ပေနှင့် အထပ်ပေါင်း ၁၃ထပ် တည်ဆောက်ထားပြီး လေဒဏ်နှင့် ငလျင်ဒဏ်ခံနိုင်အောင် စနစ်တကျတွက်ချက် တည်ဆောက်ထားပါသည်။ မြေညီထပ်၌ ချက်ပြုတ်ခန်းများ၊ Business Center နှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ပထမထပ်၌ ရွှေချည်ထိုး၊ ယွန်းနှင့် မြန်မာမှုပစ္စည်းအရောင်းဆိုင်များ၊ ဒုတိယထပ်၌ ရုပ်ရှင်ခန်း၊ ကော်ဖီဆိုင်၊ Seminar Room နှင့် Conference Room များ၊ တတိယထပ်၌ ပုဂံရှုခင်းကြည့်ရန်နေရာ၊ စတုတ္ထထပ်မှ သတ္တမထပ်ထိကို ဗှားရမ်းအသုံးပြုနိုင်သည့် ရုံးခန်းများ၊ အဋ္ဌမထပ်၌ Reat Roomများ၊ နဝမထပ်နှင့် ဒသမထပ်တို့၌ စားသောက်ဆိုင်ခန်းများ၊ ၁၁ထပ်၌ ရှုခင်းကြည့်ဆောင်နှင့် ၁၂ ထပ်ကိုစက်ခန်းများအဖြစ် ထားရှိပါသည်။ ၁၃ထပ်၌ Opening Viewing Level အဖြစ် စီစဉ်ဆောက်လုပ်ထားသည်။

နန်းမြင့်မျှော်စင်ကို ၂၀၀၃ခုနှစ် ဧပြီလ၂၇ရက်တွင် ပန္နက်တင်၍ စတင်တည်ဆောက်ပြီး တည်ဆောက်ချိန် နှစ်နှစ်နှင့် ကိုးလအတွင်း အပြီးတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ နန်းမြင့်မျှော်စင်နှင့်အတူ နန်းမြင့်ဟိုတယ်ကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါသည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာရာဇသီရိ အနုရုဒ္ဓဒေဝ အနော်ရထာမင်းကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်တည်ဆောက်ရေးစီမံကိန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားသည်မှာ-

"ပုဂံရွှေနန်းတော်ကြီးတည်ဆောက်ရာတွင် သမိုင်းဆိုင်ရာ အချက်အလက်များ ခိုင်မာမှုရှိရန်နှင့် တည်ဆောက်မှုလုပ်ငန်းများကို လုပ်ကိုင်ရာ၌ ခိုင်ခံ့သပ်ရပ်မှုရှိရန် အရေးကြီးကြောင်း၊ ဤနန်းတော်ကြီးကို တည်ဆောက်သည်မှာ နောင်လာနောက်သားများ အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့်စပ်လျဉ်း၍ ဂုဏ်ယူဝင့်ကြွားနိုင်ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်လာစေရန်"

ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

၂၀၀၅ခုနှစ် ဒီဇင်ဘာ၁၉ရက်က ဖွင့်လှစ်ခဲ့သော Aureum Palace Resort (Bagan)ဟိုတယ်သည် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ နန်းမြင့်မျှော်စင်အနီး မင်းနန်သူကျေးရွာအနီး၌ တည်ရှိပြီး ဟိုတယ်၌ တစ်ဦးချင်းတည်းခိုဆောင် Jasmine Villas ၁၅လုံး၊ နှစ်ယောက်တွဲ တည်းခိုဆောင် Orchid Villas as Duplexes ၁၈လုံးနှင့် Lotus Villas as Duplexes ကိုးလုံး၊ နှစ်ယောက်တွဲ ရေကူးကန်ပါ သီးသန့်တည်းခိုဆောင် Palm Tree Villas နှစ်လုံးနှင့် နှစ်ယောက်တွဲရေကူးကန်ပါ အထူး သီးသန့် တည်းခိုဆောင် Island Villas (The Presidential Villa)တစ်လုံး စုစုပေါင်း တည်းခိုဆောင်၄၅လုံးပါရှိသည်။ ဟိုတယ်အဆောက်အအုံအားလုံးကို မြန်မာ့ဗိသုကာပညာ၊ မြန်မာ့သစ်ထွင်း ပန်းပုပညာ အစရှိသည့် မြန်မာမှုပညာရပ်များကို လေ့လာကြည့်ရှုနိုင်ကာ နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်အဆင့်ပင် ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ၁၉ရက် နံနက်ပိုင်းတွင် ပုဂံ-ညောင်ဦးရှိ ရှေးဟောင်းဘုရားများဖြစ်သော ရွှေစည်းခုံ၊ အာနန္ဒာ၊ လောကနန္ဒာ၊ စွယ်တော်ရှင်စေတီတို့ကို လှည့်လည်ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် တုရင်တောင်ရှိ မြကန်သို့ ရောက်ရှိရာ မြကန်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

မြကန်သည် ညောင်ဦးမြို့၏ တောင်ဘက်ခုနစ်မိုင်ခန့်အကွာ တုရင်တောင်၏ အနောက်ဘက် ညောင်တိုကျေးရွာအနီးတွင်ရှိပြီး ပုဂံခေတ်၌ ကျန်စစ်မင်းကြီး တည်ဆောက်ခဲ့သော ဆည်ဖြစ်သည်။ ၁၉၉၆ခုနှစ် ဩဂုတ်၃၀ရက်တွင်မှ မြကန်ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

မြကန်၏ ရေဝေရေလဲဒေသဖြစ်သော တုရင်တောင်တွင် စွယ်တော်တောင်၊ သက်စိုးတောင်၊ သိကြားတောင်၊ ပိုက်လှမ်းတောင်၊ ကံကြီးကုန်းတောင်တို့ ပါဝင်သည့် တောင်တန်းဖြစ်ပြီး စုစုပေါင်း ဧက ၂၇၆၀ ကျယ်ဝန်းသည်။ တမာ၊ ထနောင်း၊ ရှား၊ ဆူးဖြူ၊ ကန္တာရစိမ်းစသော သဘာဝပေါက်ပင်များ ပေါက်ရောက်သဖြင့် တုရင်တောင်ဒေသ သဘာဝသစ်တောများကို ထိန်းသိမ်းထားနိုင်ပါသည်။

ယခုအခါ မြကန်ရေဝေရေလဲဧရိယာ၌ စိုက်ခင်းဧကပေါင်း၄၂၀၀ကျော်၊ အပင်ပေါင်း ၉၈၀၀၀ကျော်ကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ပျိုးခဲ့ပြီး ဖြစ်သည်။

စေတီနှင့် ဘုရားတည်ဆောက်ခြင်းပညာကို အေဒီ ၄ ရာစုမှ ၉ ရာစုအတွင်းကပင် လူတို့တတ်မြောက်ခဲ့ကြသည်။ ပြည်မြို့အနီး သရေခေတ္တရာမြို့ဟောင်းတွင် ဝင်းပိတ်အဆောက်အအုံအဖြစ်ဖြင့် ဘောဘောကြီးဘုရား၊ ဘုရားမာဘုရားကြီးစသော ဘုရားများကို သက်သေပြနိုင်ပါသည်။ ဘဲဘဲလေးဘုရားခေါ် တဝမုခ်နှင့် ဂူဘုရား၊ လေးမျက်နှာဘုရားခေါ် မုခ်လေးဘက်နှင့် ဂူဘုရားတို့ကိုလည်း တည်ဆောက်ခဲ့ကြသည်။ ပုဂံခေတ်တွင် ပေါက်ပင်ရာဘုရား၊

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ နန်းမြင့်မျှော်စင်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဖူးဘုရားနှင့် သီရိပစ္စယာ ရွာမြောက်ဘက် ထူပါလေးဆူတန်း ကိုးလုံးရပ်ပေါ်တော်မူဘုရား တောင်ဘီရွာ အနောက်ဘက်စေတီ ငကျွဲနားတောင်းတို့ကို အနော်ရထာမတိုင်မီ ၉ရာစုနောက်ပိုင်းခေတ်တွင် တည်ဆောက်ခဲ့ကြပါသည်။ အနော်ရထာမင်းလက်ထက်တွင် ဘုရားစေတီများကို ပိုမိုကောင်းမွန် လှပခိုင်ခံ့လာအောင် တီထွင်ခဲ့သည်။

အရှေ့ဘက်တွင် တုရင်တောင်တန်းကြီး၊ အနောက်ဘက်တွင် မြစ်မင်းဧရာဝတီနှင့်တန့်ကြည်တောင်၊ တောင်ဘက်တွင် စေတနာကြီးဘုရား၊ မြောက်ဘက်တွင် ကျောက်ဂူဉမင်တို့ဖြင့် ဝန်းရံအပ်သော ပုဂံရှေးဟောင်း စေတီပုထိုးများ လက်ညှိုးထိုးမလွဲ တည်ရှိနေရာ ပုဂံယဉ်ကျေးမှုဒေသသည် သဘာဝအလျောက်ခံစားကြည့်ရှုလျှင် မြင်ရခဲ၊ တွေ့ရခဲသော ရှုခင်းတစ်ခုအဖြစ် တည်ရှိလျက်ရှိသည်။ ခရစ်နှစ် ၁၈၅၅ခုနှစ် ပုဂံမင်းလက်ထက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော သံအဖွဲ့ဝင် Henry Yule သည် သူခံစား ရှုမြင်ရသော ပုဂံဒေသ သာယာပုံကို "မြစ်ဘက်မှမြင်ရသည့်ရှုခင်းမှာအခြားဂြိုဟ်တစ်ခုကိုမြင်ရသည့်ပမာဖြစ်ပြီး အထူးသဖြင့် ဗိသုကာလက်ရာများမှာ အံ့ဘနန်းဖြစ်သည်"ဟု မှတ်တမ်းတင်ခဲ့သည်။

သမိုင်းနှင့် ယဉ်ကျေးမှုအရလည်းကောင်း၊ သဘာဝအနေအထားအရလည်းကောင်း၊ တန်ဖိုးကြီးမားသော ပုဂံဒေသတွင် သမိုင်းအကြိုခေတ်ဖြစ်သော ပျူခေတ်(အေဒီ-၁ရာစု)မှသည် ကုန်းဘောင်ခေတ်၏ နောက်ဆုံးမင်းဆက် သီပေါမင်း(အေဒီ-၁၉ရာစု)အထိ ကုသိုလ်ရှင်အသီးသီးက တည်ထားခဲ့သော စေတီများကို ယနေ့တိုင် မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

အင်းဝခေတ် မိုးညှင်းမင်းတရား အေဒီ(၁၄၂၆-၁၄၃၉)လက်ထက်တွင် ပုဂံဒေသရှိ ဘုရားစေတီပုထိုးများကို စာရင်းကောက်ယူပြီး သင်္ကေတအဖြစ် "ဝင်းဝင်းထိန်လျှံ၊ ပုဂံဘုရားပေါင်း"ဟူ၍ မှတ်သားခဲ့ရာ ယင်းအရေအတွက်မှာ ၄၄၇၄ဖြစ်သည်။ တစ်ဖန် ကုန်းဘောင်ခေတ်ကာလမှ ကဗျာဖြစ်ဟန်ရှိသော ပုဂံ ဘုရားအရေအတွက် အမှတ်အသား ကဗျာတစ်ပုဒ်ကိုလည်း တွေ့ရှိရသည်။ ယင်းကဗျာမှာ "မြတ်ဘုရားဆူရေ၊ ဖြူရွှေလို့ဝင်း ပုဂံပြည်၊ ဘယ်တိုင်းဌာနီနှင့်စံမမီ လွန်ထင်ရှား၊ စောမုနိများ" ဟူ၍ ဖြစ်သည်။ ယင်းကဗျာအရ ပုဂံဒေသတွင် ဘုရားပေါင်း ၄၀၀၀ကျော်တည်ရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် မြန်မာတို့၏ ခေတ်ဦး၊ သမိုင်းဝင် သမိုင်းတွင်ခဲ့သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပုဂံဒေသတွင် စုစည်းတည်ရှိ လေ့လာနိုင်သည်မှာ မြန်မာတို့အတွက် ဂုဏ်ယူ ဖွယ်ရာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တည်ဆောက်သော ကျွဲသောင်-ဇီးဖြူကုန်းတံတား ဆောက်လုပ်ပြီးစီးမှု တိုင်းညွှန်မှူးစစ်ဆေး

အင်္ဂပူ ဇန်နဝါရီ ၅

ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် မြို့နယ်ဥက္ကဋ္ဌ ဦးသစ်လွင်နှင့်အတူ ဒီဇင်ဘာ ၂၇ရက်က အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်တွင်တည်ဆောက်ပြီးစီးသောကျွဲသောင်-ဇီးဖြူကုန်းတံတားကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

အဆိုပါတံတား တည်ဆောက်မှုနှင့် ပတ်သက်၍ အမှုဆောင်အရာရှိ ဦးမြင့်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးတို့က ရှင်းလင်းတင်ပြကြရာ တံတားမှာ သစ်သားတံတားအမျိုးအစားဖြစ်ပြီး အလျားပေ၁၅၀၊အကျယ်၁၀ပေနှင့်အမြင့် ၁၅ပေဖြစ်သည်။**(ယာပုံ)**

ဆက်လက်၍ ညွှန်ကြားရေးမှူးသည် ခြောက်ရွာ၊ ကျွဲသောင်ကျေးရွာချင်းဆက်မြေသား လမ်းဖောက်လုပ်ရန် လမ်းအကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အမြန် ဆောင်ရွက်ပြီးစီးရေးအတွက် လိုအပ်သည်များ မှာကြားသည်။ **(မြို့နယ် စည်ပင်)**



ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေး စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြီးမှူး၍ နှစ်ဦးအလှူငွေအဖြစ် ဈေးမိသားစုနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းပွဲကို ဇန်နဝါရီ ၁ ရက်က ဈေးစည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအေး(ခ) ဦးစိန်အေးသောင်းက အလှူငွေကျပ် ၁၅ သိန်းပေးအပ်ရာ နာရေးကူညီမှုအသင်း (ရန်ကုန်)ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူစဉ်။ (က-ပ)

အလက (၃) တာမွေနှင့် အထက (၅) မင်္ဂလာတောင်ညွန့် (ယခင်စိန့်မိုက်ကယ်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၈ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း စင်ထရယ်ဟိုတယ်တွင် ကျင်းပရာ ကန်တော့ခံ ဆရာ၊ ဆရာမ ၅၇ ဦးတို့အား တွေ့ရစဉ်။ (က-ပ)

မန္တလေးအသင်းဝင် ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုရသူများဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁၀

မန္တလေးအသင်း(ရန်ကုန်)က ၂၀၀၄ ခုနှစ် ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုရ မန္တလေးသား၊ မန္တလေးသူများဖြစ်ကြသော ဒါရိုက်တာ စင်ရော်မောင်မောင်၊ အမျိုးသားဇာတ်ပို့ ညွန့်ဝင်း၊ အမျိုးသမီးဇာတ်ဆောင် အိန္ဒြာကျော်ဇင်၊ ဇာတ်ညွှန်း ငြိမ်းမင်းနှင့် တေးဂီတ စိန်မွတ္တားတို့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက် ၉ နာရီက ကုန်သည်လမ်း အသင်းတိုက် ရတနာပုံခန်းမဆောင်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ သဘာပတိ မန္တလေးအသင်းဥက္ကဋ္ဌ ဦးမြသောင်း(JEWEL HOTEL) က ၂၀၀၄ ခုနှစ် ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုများတွင် မန္တလေးသား၊ မန္တလေးသူအသင်းဝင်တို့ အများဆုံးရရှိသည့်အတွက် ဂုဏ်ပြုချီးကျူးကြောင်း ပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမြသောင်းက ၂၀၀၄ခုနှစ်၊ ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုရသူများအား မန္တလေးနန်းမြို့ရိုး ကျောက်ပန်းချီကား၊ မန္တလေးအသင်း ၂၀၀၆ ခုနှစ် ပြက္ခဒိန်နှင့် ဂုဏ်ပြုလက်ဆောင်များ တစ်ဦးချင်းပေးအပ်သည်။

ဆက်လက်၍ ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုရ အမျိုးသားဇာတ်ပို့ ညွန့်ဝင်း၊ ဇာတ်ညွှန်းဆုရ ငြိမ်းမင်း၊ ဒါရိုက်တာဆုရ စင်ရော်မောင်မောင်၊ တေးဂီတဆုရ စိန်မွတ္တား၊ အမျိုးသမီးသရုပ်ဆောင်ဆုရ အိန္ဒြာကျော်ဇင်တို့က ကျေးဇူးတင်စကား တစ်ဦးချင်း ပြန်လည် ပြောကြားပြီး တက်ရောက်လာကြသော အသင်းဝင်များ၊ အမှုဆောင်များ၊ စာပေစာနယ်ဇင်း မီဒီယာသမားများက ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုရသူများနှင့် မှတ်တမ်းတင် အမှတ်တရ ဓာတ်ပုံများရိုက်ကာ မန္တလေးမုန့်တီ၊ မန္တလေး မီးရှည်များဖြင့် ဧည့်ခံ ကျွေးမွေးကြသည်။ **(သတင်းစဉ်)**

သာကေတ အထက(၃) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

သာကေတမြို့နယ် အထက(၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အထက(၃)ကျောင်း သီရိရတနာခန်းမ၌ ကျင်းပပူဇော်မည်ဖြစ်ရာ ဖိတ်ကြားထားသော ဆရာ ဆရာမကြီးများ ကြွရောက်အပူဇော်ခံရန်၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက် ပူဇော်ကန်တော့ကြရန်နှင့် ဆရာ ဆရာမကြီးများအတွက် ငွေနှင့်ပစ္စည်း ထည့်ဝင်လှူဒါန်းလိုသူများသည် ဒေါ်ခင်အေးကြူ၊ ဦးတင်မြင့် ဖုန်း-၂၄၅၆၅၀ နှင့် ဒေါ်ဌေးဌေးရှိန် ဖုန်း-၇၀၁၀၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခုနစ်ရက်တရားစခန်း ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သမထ ဝိပဿနာတရားတော်များကို ဇန်နဝါရီ ၁၃ ရက်မှ ၂၀ရက်အထိ ပေါင်းတည်မြို့နယ် ကြိုးကြိုးကျအုပ်စု မြေနံ့သာကျောင်း (မီးလင်း ဓမ္မာရုံ)တော်ကြီး၌ မြေနံ့သာဆရာ တော် ဘဒ္ဒန္တ ကောဝိဒ အရှင်သူမြတ်က ဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသူများသည် ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိလိုပါက ဖုန်း-၀၅၃-၃၄၃၇၄/၅၉ ရတနာမိုးကောင်း ကျောင်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆုချီးမြှင့်

ဇန်နဝါရီ ၃ ရက်က ရန်ကုန် အရှေ့ပိုင်း ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ ကျင်းပသော(၆၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကား ပြောပြိုင်ပွဲတွင် ပထမဆုရ တာမွေ မြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်း ကျောင်းမှ မောင် ဟိန်း သူအောင်အား ခရိုင် အသင်းအတွင်းရေးမှူး ဦးဇော်အောင်က ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ကျိုက်လတ်မြို့၌ လမ်းနှင့်တံတားများဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၀

(၅၈)နှစ်မြောက် လွတ်လပ်ရေးကို ဂုဏ်ပြုသောအားဖြင့် ကျိုက်လတ်မြို့နယ် ထင်းကွင်းကျေးရွာ အဝင်လမ်းနှင့် တံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါနေရာ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်က လမ်းနှင့်တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံကျေးရွာ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်လှနှင့် ထင်းကွင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ လမ်းနှင့်တံတားကို ဖွင့်လှစ်ပေးကြပြီး ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးရဲထွဋ်က လမ်းနှင့်တံတားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ လမ်းနှင့်တံတားမှာ နိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး အရှည်ပေ ၁၃၀၀၊ အကျယ် ၁၀ ပေရှိသည်။ တံတားမှာ သစ်သားတံတားဖြစ်ပြီး အရှည် ၇၂ ပေ၊ အကျယ် ၁၂ ပေ ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

တာမွေ အမက(၁၂)ရှိကျောင်းခန်းမတွင် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက်ကကျင်းပရာ Grade I မှ Grade V°အထိ နှစ်စဉ်ပထမဆုနှင့် GradeV°တွင်မြို့နယ်အဆင့်၊ ကျောင်းမိသားစုအဆင့်နှင့်ကျောင်းအဆင့်တို့တွင် ထူးချွန်ဆုရ မောင်ဖေမြတ်အားကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မီး သတိပြု

ကြက်ဆူပင်ရိုင်းဧကေ ၁၂၀၀၀စိုက်ပျိုးရေး စီမံကိန်း တာဝန်ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၀

ပဲခူးတိုင်း (အနောက်)ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ ခြံစည်းရိုး ကြက်ဆူပင်မှ ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာဆီထုတ်လုပ်ရရှိနိုင်ရေးအတွက် ကြက်ဆူပင်ရိုင်းဧကေ ၁၂၀၀၀ စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ပေါင်းတည်မြို့ မြသီရိရုပ်ရှင်ရုံခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်က အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှကြိုင်က လုပ်ငန်းစီမံချက်အခြေအနေများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးသောင်းထိန်က ကြက်ဆူပင်စိုက်ပျိုးရေးနည်းစနစ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စိုက်စခန်းနယ်မြေ ခြောက်ခုမှ စခန်းတာဝန်ခံ တစ်ဦးချင်းစီအား တာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။ ပေါင်းတည်မြို့နယ်အနေဖြင့် ဧက ၁၂၀၀၀ကို ၂၀၀၆ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ စီမံကိန်းလျာထား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၂၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေတိုင်ကီလှူဒါန်း

ဇန်နဝါရီ ၁ရက်က အ-မ-က(၁) မူလွန် ဒဂုံမြို့သစ်(တောင်ပိုင်း) ကျောင်းသို့ Sunlight Fiber Glass Co.,Ltd.က ငွေကျပ် ၃၆၄၆၅၀တန် ရေဂါလန် ၄၀၀ဆံ့ ဖိုင်ဘာရေတိုင်ကီတစ်လုံး လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးမင်းစိန်က လက်ခံရယူစဉ်။ (ပညာရေး)



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၃၀၆ မော်တော်ယာဉ်လက်ဝယ်ရှိသူက(ကမ–၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက်အတွင်း ကညန ခရိုင်ရုံး(လှိုင်လင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(လှိုင်လင်)

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ဦးကျော်ဝင်း(ဥက္ကဋ္ဌ ရွှေသံလွင်ကုမ္ပဏီ)၏ ဇနီးဖြစ်သူ **ဒေါ်နန်းမောက်လောဝ်ဆိုင်** (ဥက္ကဋ္ဌ–ကောင်းကင်စကြာရတနာကုမ္ပဏီ)အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နောင်တွင်လည်း နိုင်ငံနှင့်သာသနာ့အကျိုး ဆတက်တိုး၍ ဆောင်ရွက်နိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ဦးစိုးတင့်(အုပ်ချုပ်မှုဒါရိုက်တာ ကောင်းကင်စကြာရတနာကုမ္ပဏီ)–ဒေါ်ခင်ခင်ဆင့်

ဦးမောင်မောင်ဝင်း(ဒါရိုက်တာ–ကောင်းကင်စကြာရတနာကုမ္ပဏီ)–ဒေါ်ယဉ်ယဉ်ဆွေ

ဦးမောင်မောင်ငွေ–ဒေါ်နန်းမောက်လောဝ်ခမ်း(ခ)ဝါဝါ

(ဒါရိုက်တာကောင်းကင်စကြာရတနာကုမ္ပဏီ)နှင့်

ကောင်းကင်စကြာရတနာကုမ္ပဏီမှ ဝန်ထမ်းများ။

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ဦးကျော်ဝင်း(ဥက္ကဋ္ဌ–ရွှေသံလွင် ကုမ္ပဏီ)၏ ဇနီးဖြစ်သူ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ကျောက်မဲမြို့ ကျောင်းသူဟောင်း **ဒေါ်နန်းမောက်လောဝ်ဆိုင်**အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နောင်တွင်လည်း နိုင်ငံနှင့်သာသနာ့အကျိုး ဆတက်တိုး၍ ထမ်းဆောင်နိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ကျောက်မဲမြို့ အမက(၁)မှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်

ဒေါ်ဝင်းမြိုင်(ကျောင်းအုပ် ဆရာမကြီး)၊ ဒေါ်သီသီ၊ ဒေါ်ဆန်းဆန်းဝင်း၊ ဒေါ်ခမ်းလောဝ်လင်း၊

ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်နန်းတင်တင်အေးမြင့်၊ ဒေါ်အုန်းမြင့်။

၂၀၀၆ မင်္ဂလာနှစ်သစ်အတွက် ဖိတ်ခေါ်ပါသည်

ပြည်တွင်းကုမ္ပဏီများ၏ ကိုယ်စားလှယ် (တစ်ဦးတည်း ကိုယ်စားလှယ်)အဖြစ် ဆောင်ရွက်လိုပါသည်။

(၁) လူသုံးကုန် (၂) လျှပ်စစ်ပစ္စည်း

(၃) အလှကုန် (၄) ဆေးဝါးပစ္စည်း

အထက်ပါ ပစ္စည်းတစ်မျိုး(သို့) တစ်မျိုးထက်ပိုမို ထုတ်လုပ်သော ကုမ္ပဏီများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

အမှတ်–၄၅၁၊ ၃၃ X ၈၁လမ်းထောင့်၊

ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း–၀၂–၂၄၈၅၅၊ ၀၉–၂၀၀၆၅၉၅။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၉)၊ အခန်းအမှတ်(၁)နေ ဗိုလ်မှူးစိုးနောင်(ငြိမ်း) ၁၂/ကတတ(နိုင်)၀၀၉၈၈၈နှင့် ဒေါ်ယဉ်ယဉ်မေ AE-091585 တို့၏ ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်။

(၁) တိုက်အမှတ်–၉၊ အခန်း–၁၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (၂)တိုက်အမှတ်–၁၊ အခန်း–၃၄၊ ၆–လွှာ၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (၃)အမှတ်–၄၉၊ ရန်ကုန်–ပြည်လမ်း၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ဥပစာနှင့် မြေတို့သည်ယခုကြေညာသည့်ချိန်ထိ ဗိုလ်မှူးစိုးနောင်(ငြိမ်း)နှင့်ဒေါ်ယဉ်ယဉ်မေ တို့အပြင် သားသမီး(၈)ဦးပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်သည့်အတွက် မိဘနှင့် သားသမီး(၈)ဦးတို့ အားလုံး သဘောတူညီချက်မပါရှိဘဲ တစ်ဦးတစ်ယောက်တည်း သဘောဖြင့်လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း စသည်တို့ ပြုလုပ်ခွင့်မရှိကြောင်း အများသိရှိစေရန် ကြေညာလိုက်ပါသည်။

ညွှန်ကြားချက်အရ–

ဒေါ်ညိုမာသွယ်(LL.B., D.B.L)	**ဦးမင်းဆွေ (B.A, R.L)**
တရားရုံးချုပ်ရှေ့နေ(၆၆၈၈)	**တရားရုံးချုပ်ရှေ့နေ (၂၀၂၁)**

အမှတ်(၈၃)၊ အခန်း (၁၄/အေ)၊ ပန်းဆိုးတန်းလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၇၇၂၇၆။

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာ အမှတ်၁/၂၀၀၆ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော ဦးကျော်ဝင်း(ဥက္ကဋ္ဌ–ရွှေသံလွင်ကုမ္ပဏီ)၏ ဇနီးဖြစ်သူ ချစ်မမကြီး **ဒေါ်နန်းမောက်လောဝ်ဆိုင်**(ဒါရိုက်တာ–ရွှေသံလွင်ကုမ္ပဏီ)အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်မောင်နှမများ–

ကိုမောင်မောင်ငွေ–နန်းမောက်လောဝ်ခမ်း(ဒါရိုက်တာ–ကောင်းကင်စကြာရတနာကုမ္ပဏီ)

နန်းဆိုင်နောင့်လင်း၊ စိုင်းခမ်းကော်–မဇင်မာဝင်း

(ဒေါ်နန်းမြဦး လက်ဖက်စို/ခြောက်ပွဲရုံး ကျောက်မဲမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း)

ကိုဇော်ထွန်း–နန်းဆိုင်ခေါင်လင်း(2nd Made-F.G)

ဆေးပဒေသာပင်လှူဒါန်း

အမှတ် ဆ(၉၀) ခေမာသီ(၃) လမ်း (ဆ)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေ ဦးဟန်သိန်း–ဒေါ်လေးခင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး ပဒေသာပင် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။

(က–ပ)

လားရှိုးမြို့ သာယာလမ်း ကတ္တရာလမ်းအပိုင်း(၁) ဖွင့်ပွဲကျင်းပ

လားရှိုး ဇန်နဝါရီ ၇

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျင်းပသော သာယာလမ်းကတ္တရာလမ်းအပိုင်း(၁)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က အဆိုပါလမ်းသစ်မုခ်ဦးတွင်ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးက အမှာစကားပြောကြားပြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်က ကတ္တရာလမ်းသစ်ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကတ္တရာလမ်းသစ်ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးဦးညိုရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များက လမ်းသစ်ကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါ သာယာလမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၀၅၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၅၇ သိန်းအကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ပညာပေးဟောပြောအဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲ ကျောက်ဖြူမြို့၌ကျင်းပ

ကျောက်ဖြူ ဒီဇင်ဘာ ၃၀

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ပညာပေးဟောပြောပွဲနှင့် အဖွဲ့ဝင် အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်က ကျောက်ဖြူမြို့ ငလပွေ့ အမကကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ဝင်းဝင်းနုက အဖွင့်အမှာစကား ပြောကြားပြီး ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက အမျိုးသမီးရေးရာအဖွဲ့အကြောင်း ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန်းအိက အဖွဲ့ဝင် အဆိုပြုလွှာ ၁၈၀၀ကို ပေးအပ်ရာ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းနုက လက်ခံရယူပြီး အမျိုးသမီးရေးရာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကိုအကျယ်တဝင့် ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့သာယာလှပရေးလုပ်ငန်းများကို ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးရာ မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။

(မြို့နယ် စည်ပင်)

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလှူရှင်လှူဒါန်းငွေဖြင့် ဇာဟောကျေးရွာတွင် နှစ်လက်မ အနက်ပေ ၄၀၀ တူးဖော်မည့် မြေနေရာကို ဒီဇင်ဘာ ၁၀ရက်က ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်တင်က ပြသရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းတို့ ရွေးချယ်သတ်မှတ်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာရပ်စော်ဘွားများပြည်ထောင်စု၏ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်ထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကွယ်လွန်သွားသော အာရပ်စော်ဘွားများ ပြည်ထောင်စု၏ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ် ရှိတ် မာတွန် ဘင် ရာရှိတ် အယ်လ်-မာတွန်အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းမှ အာရပ်စော်ဘွားများ ပြည်ထောင်စု၏ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ် ရှိတ် မိုဟာမက် ဘင် ရာဆစ် အယ်လ်-မာတွန်ထံသို့ ပေးပို့သည်။ **(သတင်းစဉ်)**

ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တည်ဆောက်ရမည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ခြင်းသည်သာ လမ်းကြောင်းမှန်ဖြစ် ပြည်ထောင်စုကြီးအဓွန့်ရှည် တည်တံ့ခိုင်မြဲရေးနှင့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး အခြေခံအကျဆုံး လိုအပ်ချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်လာရေးပင်ဖြစ်

ပြည်တွင်းပြည်ပအဖျက်သမားများ၏ ဝင်ရောက်စွက်ဖက်ဖိအားပေး အကျပ်ကိုင်မှုမှန်သမျှ ဒို့တာဝန်အရေးသုံးပါး အရင်းခံပြီး ပြည်သူ့သဘောထားနှင့်အညီ တွန်းလှန်ချေမှုန်း

ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၀

ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၈ ရက် နံနက် ၇ နာရီတွင် ပဲခူးမြို့ရှိ တိုင်းအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ လူထုအစည်းအဝေးသို့ ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊

စာမျက်နှာ ၁၁ ကော်လံ ၁ ✡

ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ပဲခူးမြို့ တိုင်းအားကစားကွင်း၌ ကျင်းပစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၅ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်မှ ဦးစိုင်းသိန်းအောင်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ကချင်ပြည်နယ်မှ ဦးစိုင်းသိန်းအောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ယခုဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ တင်ပြသွားမှာဖြစ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အခြားနိုင်ငံများ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသေးစိတ်အချိန်ယူလေ့လာလျက် အခြေပြုသုံးသပ်ချက်များဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပြည်ထောင်စုလွှတ်တော်ဥပဒေပြုအခန်းတွင် ပါဝင်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ (၂၈)ချက်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥပဒေပြုအခန်းတွင်ပါဝင်သင့်သည့်အသေးစိတ်အခြေခံရမည့်မူ (၁၉)ချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥပဒေပြုရေးအခန်းတွင် ပါဝင်သင့်သည့် အသေးစိတ် အခြေခံရမည့်မူ (၂၃)ချက်ကိုလည်းကောင်း တစ်ချက်ချင်း ပြည့်စုံစွာ လေ့လာလျက်သုံးသပ်ချက်ဖြင့် ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကျင်းပရေး အစည်းအဝေးကို ခေါ်ယူရန် တာဝန်အပ်နှင်းသင့်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ပထမအကြိမ်ပုံမှန်အစည်းအဝေး၌ ကတိသစ္စာပြုရန်သတ်မှတ်ချက်များ၊ ပုံမှန်အစည်းအဝေးကို တစ်နှစ်မှာဘယ်နှကြိမ် ကျင်းပရမည်ဆိုသည့် သတ်မှတ်ချက်များ၊ အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပုံမှန်အစည်းအဝေးများအပြင် အထူးအစည်းအဝေးများ၊ အရေးပေါ်အစည်းအဝေးများ ခေါ်ယူကျင်းပခွင့်ရှိရေး၊ အစည်းအဝေးတစ်ရပ် အထမြောက်ရန် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ထားရှိရေးကိစ္စ၊ အဆုံးအဖြတ်ပေးရမည့်ကိစ္စများကို ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒရယူဆုံးဖြတ်ရေး၊ သက်ဆိုင်ရာလွှတ်တော်အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်များကို အရေးယူရေးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် လွှတ်တော် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေသော်လည်း ဆိုင်ရာလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်နိုင်အောင်နှင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် အခွင့်အရေးမရှိသူတစ်ဦးက လွှတ်တော်အစည်းအဝေး တက်ရောက်ပြီး လွှတ်တော်လုပ်ငန်းများမှာ ပါဝင်ခဲ့ခြင်းကြောင့် လွှတ်တော်များ၏ ဆုံးဖြတ် ဆောင်ရွက်ချက်များ ပျက်ပြယ်ခြင်းမရှိစေရေးတို့နှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူ ချမှတ်နိုင်ရေး ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဆက်လက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကို အများပြည်သူ သိရှိခွင့်ရှိစေရေး ကိစ္စရပ်များ၊ ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များ၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်တွင်နည်းဥပဒေ၊စည်းမျဉ်းဥပဒေ၊စည်းကမ်းဥပဒေ၊အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့် အပ်နှင်းနိုင်သည့် လုပ်ပိုင်ခွင့်များ၊ နည်းဥပဒေ၊စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် မူရင်းဥပဒေနှင့် မညီညွတ်သည်ကိုတွေ့ရလျှင် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း ပြုလုပ်နိုင်သည့်လုပ်ပိုင်ခွင့်များ သတ်မှတ်ရေးကိစ္စ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ် သို့မဟုတ် သဘောတူညီချက် သို့မဟုတ် အတည်ပြုချက်ရယူရမည့်ကိစ္စ၊ ဥပဒေကြမ်းတင်သွင်းခွင့်ကိစ္စတို့နှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ-သုံးငွေ လျာထားချက်များကို လွှတ်တော်သို့ တင်သွင်းခြင်း၊ လွှတ်တော်က အဆုံးအဖြတ်ပေးခြင်း၊ လွှတ်တော်ကအတည်ပြုသော ဥပဒေကြမ်းများကို ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရေး ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများအနေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းပြောဆိုခွင့်ကိစ္စ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကိုယ်စားလှယ်များ၏ အခွင့်အရေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်များသည် ဥပဒေအရ ဖမ်းဆီးရန်အကြောင်းပေါ်ပေါက်ခဲ့လျှင် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကဖြစ်စေ၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရဖြစ်စေ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူချမှတ်နိုင်ရေး ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်း ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်သည့် အချက်များမှာ-

၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမ အကြိမ် ပုံမှန် အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်း စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။

၂။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) ပထမအကြိမ် ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ အောက်ပါ ကိစ္စရပ်များ ဆောင်ရွက်သည်-

(က) နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ပြောကြားသည့် **မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊**

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကို **ဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူ** ကျင်းပရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် **လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး** လေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တစ်ရပ်၏ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက် **ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍** အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး **အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေး** များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ် ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်း **မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့်** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး များတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင် နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲ မပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

အချပ်ပို (ခ) သို့

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း ကိစ္စရပ်များဆောင်ရွက်သည်

အချပ်ပို (က) မှ

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်း ရေတွက်ခြင်း မပြုရ။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော် ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင်ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်"

၁၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့်လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်၊

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်၊

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

၁၄။ (က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး ကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်း ခွင့်ရှိသည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်း ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ သည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း" တွင် ပါရှိသောကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်း များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ–သုံးငွေလျာထားချက်"ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

၁၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက် တစ်နေ့မှခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်၊

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက် အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ် ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၁၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စား ပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များ သည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စား ပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မဟုတ်သော အဖွဲ့အစည်းဝင် များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၀။ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး များကို ကြီးကြပ်ကွပ်ကဲရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်း အဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်း ပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလို စီစဉ် ဆောင်ရွက်ပေးရမည်၊

(ဃ) တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်၊

(င) ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း၊ ဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၂၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ လွှတ်တော် ကော်မတီနှင့်အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်း တို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စား ပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်း ကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ၊

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိ လက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးတို့ဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး တက်ရောက် နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် အဖွဲ့၏အကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာ လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ ထိုလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စား လှယ်တစ်ဦး အား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော် မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

အထက်ကတင်ပြခဲ့သည့် အချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍

အချပ်ပို (ဂ) သို့

ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ ပုံမှန်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပနိုင်သည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၅ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်မှ ဦးမင်းလွန်းအောင်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို မွန်ပြည်နယ်မှ ဦးမင်းလွန်းအောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က အကြံပြုတင်ပြမည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအနက် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးကိစ္စကို ဦးစွာ တင်ပြသွားမှာ ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပြီးဖြစ်သကဲ့သို့ ထိုအခြေခံမူများချမှတ်ခဲ့စဉ်က ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အသီးသီး၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများ ကျင်းပသည့်ကာလမှာပင် ယင်းလွှတ်တော်နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ကျင်းပရမှာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး ခေါ်ယူရမည့် အချိန်တွင် အမျိုးသားလွှတ်တော်၏ ဥက္ကဋ္ဌကိုလည်း ရွေးချယ်ပြီးသည့်အချိန် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် နာယကတာဝန်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ထမ်းဆောင်ရမှာ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး ခေါ်ယူကျင်းပမည့်တာဝန်ကို ပြည်ထောင်စုလွှတ်တော် နာယကကို အပ်နှင်းသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်ပုံမှန်အစည်းအဝေး ခေါ်ယူကျင်းပရေးနှင့် စပ်လျဉ်းပြီး-

> **"ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေး စတင်သည့်နေ့မှ ၁၅ရက်အတွင်း ကျင်းပရမည်။**
>
> **ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပရမည်"**

ဟုအသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးနှင့်စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့် ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၆ပြဋ္ဌာန်းချက်များကို လေ့လာရာတွင် တစ်နှစ်တွင် အနည်းဆုံး တစ်ကြိမ် ကျင်းပရမည်ဟု နိုင်ငံအများစုတွင် သတ်မှတ်သည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် နောင်ပေါ်ပေါက်လာမည့် ဖွဲ့အစည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းမည့် ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးအရေအတွက် သတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး-

> **"ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော် နာယကက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ"**

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ ကျင်းပသည့်အခါ ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းများဆောင်ရွက်ရေးနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၃)ပါ အချက်အလက်များမှာ ပြည့်စုံလုံလောက်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့် စပ်လျဉ်းပြီး ထူးခြားသည့်အခြေအနေများပေါ်ပေါက်လာပါက ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပသည့် လုပ်ပိုင်ခွင့်ကိုလည်း ပြည်ထောင်စုလွှတ်တော် နာယကအား အပ်နှင်းသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးနှင့်စပ်လျဉ်းပြီး-

> **"ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပနိုင်သည်"**

ဟု အသေးစိတ် အခြေခံရမည့် မူချမှတ်သင့်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခေါ်ယူရန် လိုအပ်သည့် အခြေအနေမျိုးတွင် အကြောင်းကြားလာပါက ပြည်ထောင်စုလွှတ်တော်ကို ညှိနှိုင်းခေါ်ယူခွင့်ရှိသင့်ပါကြောင်း။

ထို့ကြောင့်-

> **"ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပပေးရမည်"**

ဟု အသေးစိတ် အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များမှာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပပေးရန် တောင်းဆိုလာသည့်အခါ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပပေးရာတွင် တက်ရောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ထားရှိရန် လိုအပ်ပါကြောင်း။ ထို့ကြောင့်-

> **"ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပပေးရမည်"**

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးအထမြောက်စေရန် လိုအပ်မည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရေးနှင့် စပ်လျဉ်းပြီး အစည်းအဝေးများမှာ အစည်းအဝေး အထမြောက်ခြင်း၊ သတ်မှတ်ထားသည့် ကိုယ်စားလှယ်ဦးရေ ပြည့်မီစွာ မတက်ရောက်သည့်အတွက် အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရခြင်း စသည့်ကိစ္စရပ်များ ပေါ်ပေါက်လာတတ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ အထမြောက်ခြင်းနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၇)ပါ အချက်များမှာ ကောင်းမွန်သင့်လျော်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်သည်ဟု အကြံပြုတင်ပြအပ်ပါကြောင်း။

လွှတ်တော်များတွင် အဆုံးအဖြတ်ပြုရမည့် ကိစ္စရှိလျှင် ယင်းကိစ္စနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားကိုရယူ၍ အဆုံးအဖြတ်ပြုရပါကြောင်း၊ သီးခြားသတ်မှတ်ချက်မပါရှိဘဲ ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်၊ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည့် ကိစ္စများကို ပြည်ထောင်စုလွှတ်တော်က မည်သို့ဆန္ဒမဲ ရယူဆုံးဖြတ်ရမည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်နာယက၏ ဆန္ဒမဲပေးပိုင်ခွင့်ကိုလည်း မည်သို့သတ်မှတ်ပေးမည်ဆိုသည်ကို စဉ်းစားသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပြုရမည့် ကိစ္စရပ်များအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲဖြင့်အသုံးပြုခွင့်၊ ပြည်ထောင်စုလွှတ်တော်နာယက၏ ဆန္ဒမဲပေးခွင့်တို့နှင့် စပ်လျဉ်းပြီး-

> **"(က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးတက်ရောက်၍ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။**
>
> **(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော် နာယက သို့မဟုတ် နာယကတာဝန်ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်"**

ဟု အသေးစိတ်အခြေခံမူ ချမှတ်သင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို မှန်မှန်တက်ရောက်တာဝန်ထမ်းဆောင်ရန် တာဝန်ရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် မလွှဲမရှောင်သာသည့် အကြောင်းကြောင့် လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်ခဲ့လျှင် ခွင့်ပန်ကြားရန် သတ်မှတ်ပေးခြင်းနှင့် ခွင့်ပြုချက်မရဘဲရက်ပေါင်း ၁၅ရက်တစ်ဆက်တည်း ပျက်ကွက်ပါက အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်မရှိဘဲ အစည်းအဝေး တက်ရောက်ရန် ရက်ပေါင်းများစွာ တစ်ဆက်တည်း ပျက်ကွက်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပိုဒ် (၉)၌ အသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် ရွေးကောက်ပွဲ အသီးသီးပြုလုပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် ရွေးကောက်ပွဲမပြုလုပ်နိုင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်အချို့ ကွယ်လွန်ခြင်း၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို တရားဝင်တက်ရောက်ခွင့် မရှိသူတစ်ဦးဦးက ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတက်ရောက် ဆောင်ရွက်ခဲ့ခြင်း စသည့်အကြောင်းအရာများသည် ပြည်ထောင်စုလွှတ်တော်၏ အစည်းအဝေး ကျင်းပနေချိန်တွင် တွေ့ကြုံလာရမည့် ကိစ္စရပ်များဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်မှာလည်း ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော်လုပ်ငန်း ဆောင်ရွက်နိုင်ရေးနှင့် လွှတ်တော်အစည်းအဝေး တရားဝင်တက်ရောက်ခွင့်မရှိသူ တစ်ဦးဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များ ပျက်ပြယ်ခြင်းမရှိစေရေးတို့နှင့် စပ်လျဉ်းပြီး အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၁၀)၌ သင့်လျော်ပါသဖြင့် အသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များမှ အမျိုးသားလုံခြုံရေးကို ထိခိုက်နိုင်သည်ဟု သက်ဆိုင်ရာလွှတ်တော်က ထင်မြင်ယူဆသည့်အကြောင်းအရာများနှင့် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ ထုတ်ဝေခြင်းမပြုရန် ကန့်သတ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများမှအပ ကျန်ဆုံးဖြတ်ဆောင်ရွက်ချက်များကို အများပြည်သူသိရှိအောင် ဆောင်ရွက်ရန် သတ်မှတ်သင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကို အများပြည်သူသိရှိခွင့်နှင့် စပ်လျဉ်းပြီး-

> **"ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ် အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ် ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ"**

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်မှာ ပါဝင်ကြသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သည် တာဝန်နှင့်လုပ်ပိုင်ခွင့် တူညီသည့် လွှတ်တော်များဖြစ်ကြပါကြောင်း၊ ၎င်းလွှတ်တော်နှစ်ရပ်သည် ဥပဒေကြမ်းတစ်ခုကို ဥပဒေအဖြစ်ရောက်ရှိစေရေးအတွက် တူညီသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များ ရှိကြပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ခုကို ပြည်သူ့လွှတ်တော်ကရော အမျိုးသားလွှတ်တော်ကပါ အတည်ပြုခဲ့လျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၁၂)ပါ အချက်များမှာ ကောင်းမွန်သင့်လျော်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးသည့်အခါ ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့် အချပ်ပို (ဃ) သို့

အချပ်ပို (ခ) မှ

အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း။

မိမိတို့ အစုအဖွဲ့အနေနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် လွှတ်တော်(၃)ရပ်နှင့် စပ်လျဉ်းသည့် အခြေခံမူများကို ထောက်ခံတင်ပြပြီးသည့်နောက် လေ့လာတွေ့ရှိချက်များအရ သီးခြားအကြံပြုချက်တစ်ခုကို တင်ပြလိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် မိမိတက်ရောက်နေသော အစည်းအဝေးတစ်ခုခုတွင် ထောက်ခံသည့်ဘက်ကိုဖြစ်စေ၊ ကန့်ကွက်သည့်ဘက်ကိုဖြစ်စေ၊ ဆန္ဒမဲမပေးဘဲ နေပိုင်ခွင့်ရှိပါကြောင်း၊ ဤသည်မှာ ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်အစည်းအဝေးများ၊ ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးများတွင်လည်း ကျင့်သုံးနေသော အစဉ်အလာတစ်ခုဖြစ်ပါကြောင်း။

"လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာတွင် အခြားနည်းပြဋ္ဌာန်းထားချက်မရှိလျှင်အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်" ဟူသော အခြေခံမူတစ်ရပ်ချမှတ်သင့်ကြောင်းကိုလည်း ထောက်ခံတင်ပြပြီး ဖြစ်ပါကြောင်း။

၎င်းအပြင် အထက်ပါ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက် ပြည်ထောင်စုလွှတ်တော် အမှတ်စဉ် ၈(က)၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အမှတ်စဉ် ၇(က)(၁)၊ ၇(ခ)(၁)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အမှတ်စဉ် ၈(က)တွင် **"လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲမပေးဘဲ ကြားနေ နေလိုပါက နေပိုင်ခွင့်ရှိသည်"** ဟု ဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

မိမိတို့ ယခုချမှတ်ကြမည့် အခြေခံမူများသည် နိုင်ငံတကာတွင် လက်တွေ့ကျင့်သုံးနေသည့် ကမ္ဘာ့သုံးမူများ ဖြစ်ပါကြောင်း၊ လွှတ်တော် အဆင့်ဆင့်၌ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားသည်မှာ ထင်ရှားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် ရပိုင်ခွင့်များကိုလည်း ထင်ရှားစွာ ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ယင်းအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူ အချက်(၇၀)ချမှတ်နိုင်အောင် စေ့စပ်စုံလင်စွာ ဖော်ပြထားသည့်အတွက်လည်း နှစ်ထောင်းအားရဖြစ်မိပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ယင်းအခြေခံမူများ ရရှိရေးအတွက် နိုင်ငံတကာ အတွေ့အကြုံရော မြန်မာနိုင်ငံ၏ အတိတ်သမိုင်း အတွေ့အကြုံများကိုပါ စေ့စေ့စုံလင်စွာ လေ့လာဆန်းစစ်သုံးသပ်ပြီး ရှုထောင့်မျိုးစုံက ဓမ္မဓိဋ္ဌာန်ကျကျ စေ့စပ်စုံလင်စွာ တင်ပြထားသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် အခြေခံမူများအပေါ် မိမိတို့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်းအနက် အနည်းဆုံး လေးပုံတစ်ပုံကတောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်နာယက က အထူးအစည်းအဝေး အမြန်ခေါ်ယူကျင်းပရမည်

အချပ်ပို (ဂ) မှ

ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား အပ်နှင်းသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေတစ်ရပ်တွင် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့် အပ်နှင်းနိုင်သည့် လုပ်ပိုင်ခွင့်များ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် မူရင်းဥပဒေနှင့် မညီညွတ်သည်ကို တွေ့ရလျှင် ပယ်ဖျက်ခြင်း၊ ပြင်ဆင်စေခြင်း ပြုလုပ်နိုင်သည့် လုပ်ပိုင်ခွင့်များ သတ်မှတ်ရေးတို့နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၁၃)ပါ အချက်များမှာ သင့်လျော်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအနေနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၌ ပါဝင်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနိုင်ငံအချင်းချင်း စာချုပ်များ ချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့် လုပ်ပိုင်ခွင့် လွှဲအပ်မည်ဆိုလျှင် လုပ်ငန်းမြန်ဆန်ထိရောက်စေနိုင်ပါကြောင်း။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များသဘောတူညီချက်များ အတည်ပြုရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက် အပိုဒ်(၁၄)ပါ အချက်များမှာ လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် သဘောတူညီချက်၊ အတည်ပြုချက် ရယူသင့်သည့် ကိစ္စရပ်များဖြစ်သည့်

- နိုင်ငံတော်နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း၊
- ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊
- ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ခြင်း၊ ဝန်ကြီးဦးရေတိုးခြင်း၊ လျှော့ခြင်း၊
- ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း၊
- ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း၊
- ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း၊
- ပြည်ထောင်စု တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးအပ်ခြင်း၊
- ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

စသည့်သတ်မှတ်ချက်များရှိခဲ့လျှင် သတ်မှတ်ချက်များပါအတိုင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများမှာ ဆုံးဖြတ်ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် သဘောတူညီချက် အတည်ပြုချက်ရယူရမည့် ကိစ္စများနှင့်စပ်လျဉ်းပြီး အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၁၅)ပါအချက်များမှာ ကောင်းမွန်သင့်လျော်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

လွှတ်တော်များ၏ အဓိကလုပ်ငန်းသည် ဥပဒေပြုရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဥပဒေကြမ်းတင်သွင်းခြင်း၊ အတည်ပြုခြင်းတို့နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၁၆)ပါ အချက်များမှာ ကောင်းမွန်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက တင်သွင်းသည့်ဥပဒေကြမ်းများအနက် ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ထားသည့် ဥပဒေကြမ်းများမှအပ အခြားဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၌ဖြစ်စေ၊ အမျိုးသားလွှတ်တော်၌ဖြစ်စေ၊ စတင်ဆွေးနွေးဆောင်ရွက်ခွင့် ရှိသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသည့် ဥပဒေကြမ်းများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်မှာဖြစ်စေ၊ အမျိုးသားလွှတ်တော်မှာဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့် အပ်နှင်းခြင်းနှင့် စပ်လျဉ်းပြီး–

“ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းများက ပြည်ထောင်စု လွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော် တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ရှိသည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့ကို ပူးပေါင်းကော်မတီအဖြစ် တာဝန်ပေးရာတွင် ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြသည့်အခါ ဆောင်ရွက်ရမည့် နည်းလမ်းများကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၌ သတ်မှတ်ထားရှိရန် လိုအပ်မှာဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်မည့် ဥပဒေကြမ်းများအပေါ် အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ဆောင်ရွက်ရမည့် နည်းလမ်းများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၁၈)ပါ အချက်များမှာ သင့်လျော်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၌ သဘောထားကွဲလွဲမှုများရှိနိုင်ပါကြောင်း။

ထို့ကြောင့် ဥပဒေကြမ်းတစ်ရပ်အပေါ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့်အတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရေးနှင့် စပ်လျဉ်းပြီး–

“ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရမည်”

ဟု အသေးစိတ် အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြ အပ်ပါကြောင်း။

ဥပဒေကြမ်းများကို လွှတ်တော်များက အတည်ပြုပြီးသည့်အခါ ယင်းဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမှာဖြစ်ပါကြောင်း။

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးက အတည်ပြုသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရသည့် ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရာတွင်–

အချို့ကမ္ဘာ့နိုင်ငံများ၌ ၁၀ရက်၊ ၃၀ရက် စသည်ဖြင့် သတ်မှတ်ထားသည်ကို တွေ့ရှိရပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ၇ရက် သတ်မှတ်ထားသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းများကို သမ္မတက လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ကြေညာသင့်ပါကြောင်း၊ သို့ပါ၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ် ၂၀ပါ အချက်များမှာ သင့်လျော်မှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေအဖြစ်ထုတ်ပြန်ကြေညာနိုင်ရန် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း၊ နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်နှင့်အတူ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်း၊ ပြည်ထောင်စုလွှတ်တော်က ပြန်လည်လက်ခံရရှိသည့် ဥပဒေကြမ်းကို ပြန်လည် စိစစ်ပြီး နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့ခြင်းများ ရှိလာနိုင်မှာဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့သည့် ဥပဒေကြမ်းတစ်ရပ်အပေါ် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်များနှင့် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးဆုံးဖြတ်ပြီး နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့သည့်အခါ နိုင်ငံတော်သမ္မတက ဆောင်ရွက်ရမည့်ကိစ္စများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၂၁)ပါ အချက်များမှာ ကောင်းမွန်သင့်လျော်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည့် ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းနှင့် အာဏာတည်ရမည့်နေ့တို့နှင့် စပ်လျဉ်းပြီး–

“နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ မှတ်ယူရမည် ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ အာဏာတည်ရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း။

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် အသေးစိတ်ချမှတ်ရမည့် အခြေခံမူများအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်တို့သည်လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် မည်သည့်လွှတ်တော် ကိုယ်စားလှယ်မျှ မဖြစ်စေရပါ။ အကယ်၍ လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်ခဲ့လျှင်လည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပေးရမှာ ဖြစ်ပါကြောင်း။

သို့သော်လည်း သက်ဆိုင်ရာလုပ်ငန်းရပ်များနှင့်ပတ်သက်၍ ၎င်းပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို နာယက၏ ခွင့်ပြုချက်ဖြင့်သာ တက်ရောက်ခွင့်ရှိမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနေနှင့် လိုအပ်သည့်အခါ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက် ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရရှိစေရေးနှင့်စပ်လျဉ်းပြီး–

“ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ် ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့်–

- နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော်ကို လာရောက်ပြီး မိန့်ခွန်း ပြောကြားလိုကြောင်း အကြောင်းကြားဆက်သွယ်လာလျှင် မပျက်မကွက် ဖိတ်ကြားရန်၊
- ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနေသည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး သက်ဆိုင်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းစေရေး ဖိတ်ကြားရန်၊
- ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန်စသည့် လုပ်ပိုင်ခွင့်များ ရှိသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်နာယက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပိုဒ် (၂၄)ပါအချက်များမှာ ပြည့်စုံလုံလောက်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရန် ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်ရန် လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ပြည်ထောင်စုလွှတ်တော် နာယကနှင့် ကြိုတင်ညှိနှိုင်းပြီး ခွင့်ပြုချက်ရယူဆောင်ရွက်သင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသင့်သည့် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေးနှင့်စပ်လျဉ်း၍–

“ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရရှိရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များနှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ ဖိတ်ကြားခြင်းခံရသည့် ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်၌ လွတ်လပ်စွာပြောဆိုခွင့် ရရှိရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက် အပိုဒ်(၂၆)ပါ အချက်များမှာ ကောင်းမွန်သင့်လျော်ပါသဖြင့် အသေးစိတ် အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို လွှတ်တော်အစည်းအဝေး ကျင်းပနေခိုက်တွင် ဖမ်းဆီးရန်လိုအပ်လာလျှင် မည်သို့ဆောင်ရွက်သင့်သည်ဆိုသည်နှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြလိုပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေခိုက်တွင် ဖမ်းဆီးရန်လိုအပ်လျှင် ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသည့် အထောက်အထားနှင့် ချက်ချင်းဖမ်းဆီးရန်လိုအပ်ကြောင်း အထောက်အထားများကို ပြည်ထောင်စုလွှတ်တော် နာယကထံတင်ပြပြီး နာယက၏ ကြိုတင်ခွင့်ပြုချက်ရရှိမှ ဖမ်းဆီးရမည်ဆိုသည့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ရောက်နေသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် နာယက၏ ခွင့်ပြုချက်အရ သို့မဟုတ် ဖိတ်ကြားချက်အရ အစည်းအဝေးတက်ရောက်နေသည့် ပုဂ္ဂိုလ်များ၏ ကင်းလွတ်ခွင့်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အပိုဒ်(၂၇)မှာ သင့်လျော်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်မှာလည်း လွှတ်တော်၏ မှတ်တမ်းမှတ်ရာများကို စနစ်တကျထိန်းသိမ်းရန် အများပြည်သူသိရှိအောင် ဖြန့်ချိထုတ်ဝေရန်ဆိုသည့် အချက်များကို ဥပဒေနှင့်သတ်မှတ်ရန် လိုအပ်မှာ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ဖြန့်ချိထုတ်ဝေသည့် သို့မဟုတ် ပြည်ထောင်စုလွှတ်တော်၏ အခွင့်အာဏာနှင့် ဖြန့်ချိထုတ်ဝေသည့် မှတ်တမ်းမှတ်ရာများနှင့်စပ်လျဉ်းပြီး တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည် ဆိုသည်ကိုလည်း အာမခံချက်ပေးသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၏ မှတ်တမ်းမှတ်ရာများနှင့် စပ်လျဉ်းပြီး–

“ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရ သော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ”

ဟုအသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းဆွေးနွေးခဲ့သည့် အချက်(၂၈)ချက်မှာ ကြောင်းကျိုးညီညွတ်၍ သင့်လျော်မှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံအကြံပြုတင်ပြအပ်ပါကြောင်း၊ ဆက်လက်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစောလင်းအောင်က ဆက်လက်ဖတ်ကြားမည်ဖြစ်ပါကြောင်းတင်ပြရင်း မိမိ၏စာတမ်းတင်ပြချက်ကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**